ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့၊ (1-2-2004) (၄၁၃၃)

မာတာပိတု ဥပဋ္ဌာနံ
တေံ မင်္ဂလ မုတ္တမံ။

အမိအဖတို့ကို ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်းသည်
မြတ်သော မင်္ဂလာ မည်၏။

(၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ အရှင်မြတ်နှစ်ပါး၊ တိပိဋကဓရအရှင်မြတ်တစ်ပါးပေါ်ထွန်း

သတင်း–စာမျက်နှာ(၄)

တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းသည် ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ၏ စည်းလုံးညီညွတ်မှုအပေါ်တွင် အခြေခံခဲ့ပါသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်သည့် အခါကာလများတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အင်အားသည် တောင့်တင်းခိုင်မာ၍ ခမ်းနားထင်ရှားဂုဏ်မြင့်မားခဲ့ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု အားနည်းသည့်အခါကာလများတွင် ပြည်ထောင်စု၏ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် လူမှုရေးအခြေအနေ အဆင့်အတန်းနိမ့်ကျခဲ့ရသည်ကို ထင်ထင်ရှားရှားကြုံခဲ့ရပြီး ဖြစ်ပါသည်။

ပင်လုံညီလာခံတွင် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုကို အခိုင်အမာ ဖော်ပြနိုင်ခဲ့၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အချုပ်အခြာအာဏာပိုင်သည့် လွတ်လပ်သောနိုင်ငံအဖြစ် ရောက်ရှိခဲ့ပါသည်။ ရရှိထားသော အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား ပြည်သူအားလုံးသည် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၂)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်ရေးကြိုးပမ်း

အရည်အသွေးပြည့်ဝသော အမျိုးသားရေးစွမ်းအားစုများ တည်ဆောက် နိုင်ငံတကာအဆင့်မီ ပညာရှင်များပေါ်ထွန်းရေး ပညာရေးကဏ္ဍကစွမ်းဆောင်

ရန်ကုန် ဇန်နဝါရီ ၃၁

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းဆင်းအခမ်းအနားသို့ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ တရားရုံးချုပ်(မန္တလေး)၊ ဒုတိယတရားသူကြီးချုပ်၊ဒုတိယရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်း အခမ်းအနားတွင် အဆောင်စံပြဆုရရှိသော အမျိုးသမီးတပ်ခွဲ(၃) အဆောင်(၇)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရှမ်းပြည်နယ် စိန်ကြော့ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်စတင်ထုတ်လွှင့်

ရန်ကုန် ဇန်နဝါရီ ၃၁

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ ရှမ်းပြည်နယ် (မြောက်ပိုင်း) စိန်ကြော့တွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၆ရက် နံနက်ပိုင်းတွင် လုပ်ငန်းများပြီးစီးသည်။

အဆိုပါ စက်ရုံမှ လွှင့်အား ၁၀ ဝပ်၊ လှိုင်းနှုန်း ၆ ဖြင့် ထိုနေ့ ညနေပိုင်း မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များမှ စတင်၍ အရုပ်အသံ ကြည်လင်ပြတ်သားစွာ ထုတ်လွှင့်ပေးလျက်ရှိသည်။ (သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

✪ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
✪ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။
✪ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
✪ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
✪ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

ရွှေပြည်သစ်ဆီသို့

* မြန်မာဟူသည် စည်းလုံးညီ၏
တိုင်းပြည်လူမျိုး ဂုဏ်မညှိုးအောင်
အမျိုးသားရေး ဦးစားပေးခဲ့
သွေးချွေးအသက် အပ်နှင်းဆက်ပြီး
သားဆက်မြေးစဉ် အောင်ပန်းဆင်ဖို့
မြော်မြင်ချမှတ် အနာဂတ်၌
စားနပ်ရိက္ခာ ပြည့်လျှံစွာဖြင့်
ခိုင်မာထွန်းသစ် စက်မှုခေတ်နှင့်
လျှပ်စစ်စွမ်းအား တည်ဆောက်ထားလျက်
လမ်းတံတားဆည် အနယ်နယ်၌
ပန်းများနယ်ပွင့် ဆင့်ရရင့်တည့်
အားနှင့်မာန်နှင့် လက်တွဲညီ
ရွှေပြည်သစ်ဆီရောက်တော့မည်။

* မြန်မာဟူသည် စိတ်ထားညီ၏
ပြည်နယ်နှင့်တိုင်း ဒေသတိုင်း၌
တိုင်းရင်းသားထု မိသားစုတည့်
ကျွန်ပြုမခံ နယ်ချဲ့ရန်ကို
တွန်းလှန်ဖြိုခွင်း လွတ်လပ်ခြင်းအား
စိတ်ချင်းတူမျှ ယူခဲ့ကြ၍
နှိုးဆွတမင် ထောင်ချောက်ဆင်လည်း
မြော်မြင်ကြီးမား လက်တွဲထားလျက်
လူသားရင်းမြစ် ပညာခေတ်ကို
ဖွင့်လှစ်ဝင့်ထည် အနယ်နယ်၌
ကြယ်များနယ်တင့် ဆင့်ရရင့်တည့်
အားနှင့်မာန်နှင့် ရှေ့သို့ချီ
ရွှေပြည်သစ်ဆီရောက်တော့မည်။

* သမိုင်းတစ်ခေတ် ရွှေပြည်သစ်သို့
ကျစ်လျစ်စုစည်း ဤခရီး၌
ကိုယ့်ထီးကိုယ့်နန်း အံ့မခန်းအောင်
လျှံလျှံတောက်ထိန် ဟိုတစ်ချိန်မှ
မှေးမှိန်လျှော့ကျ ကျွန်ဘဝသို့
ရောက်ရလေခြင်း အကြောင်းရင်းကို
မခွင်းသုံးသပ် အနာဂတ်၌
သပ်လျှိုစွက်ဖက် နယ်ချဲ့ဖျက်လည်း
မပျက်စေရန် သန္နိဋ္ဌာန်ဖြင့်
လမ်းမှန်တွေ့ထား ရှေ့ဆက်သွားလော့
သွေးသားရင်းခြာ မျိုးမြန်မာတို့
ညီညာစိတ်ဝမ်း တစ်ခေတ်လျှမ်းဖို့
ခေတ်ဆန်းချိန်ကို ရောက်နေပြီ
တက်ညီလက်ညီ ရှေ့သို့ချီ။ ။

သီဟအောင်

ဒါတွေကို သိဖို့လိုတယ်

* မြှောက်တိုင်းလည်း မမြောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေး တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်

၁-၂-၂၀၀၄ (တနင်္ဂနွေနေ့)

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကို တည့်မတ်ခိုင်မာစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် အမျိုးသားရေးစွမ်းအားကို အခိုင်အမာတည်ဆောက်ကြိုးပမ်းလျက်ရှိသည်။ တစ်ချိန်တည်းတွင် နိုင်ငံတကာမျက်နှာစာ၌ တန်းတူညီမျှရေး၊ ငြိမ်းချမ်းသာယာရေး၊ စည်ပင်ဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးစွာ လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယနေ့ နိုင်ငံတကာအခြေအနေကိုကြည့်လျှင် နိုင်ငံတိုင်း၊ နိုင်ငံတိုင်းတွင် မိမိတို့၏ အမျိုးသားရေး အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းစေရေးအတွက် အပြိုင်အဆိုင်ကြိုးပမ်းနေကြသည့် အခြေအနေကို တွေ့မြင်နိုင်သည်။ ယင်းသို့ ကြိုးပမ်းကြရာတွင် မိမိတို့၏ အမျိုးသားရေးစွမ်းအားစုများကိုသာ အားထားပြီး ကိုယ့်အားကိုယ်ကိုး ရိုးသားစွာ ဆောင်ရွက်နေကြသည့် နိုင်ငံများ၊ အပြန်အလှန်အကျိုးဖြစ်ထွန်းရေးအတွက် ဖြောင့်မတ်တည်ကြည်စွာ လက်တွဲ ပူးပေါင်းဆောင်ရွက်နေကြသည့် နိုင်ငံအများအပြားရှိကြသည်။

သို့သော် အချို့သောနိုင်ငံများသည် မိမိတို့၏ ကိုယ်ကျိုးစီးပွားသက်သက်ကိုသာ ရှေ့တန်းတင်ပြီး အခြားသောနိုင်ငံများအပေါ် ဝင်ရောက်စွက်ဖက်ခြယ်လှယ်၍ ကိုယ်ကျိုးရှာလုပ်ဆောင်နေကြသည်ကိုလည်း တွေ့ရသည်။ အဆိုပါနိုင်ငံအချို့သည် အကြောင်းအမျိုးမျိုးပြပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြည်တွင်းရေးများတွင် ဝင်ရောက်စွက်ဖက် ဖိအားပေးလျက်ရှိကြသည်။ အချို့သော နေရာဒေသများတွင် ပြည်တွင်းမငြိမ်သက်မှုများ၊ မင်းမဲ့စရိုက်ဖြစ်ရပ်များပင်ဖြစ်ပေါ်ခဲ့ကြသည်။

ယင်းသို့သော အခြေအနေ အချိန်အခါမျိုးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိနိုင်ငံနှင့် လူမျိုးအကျိုးစီးပွားမထိခိုက်စေရေးနှင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်စေရေးအားထုတ်ကြိုးပမ်းရမည်ဖြစ်သည်။ အထူးသဖြင့် အမျိုးသားရေး စွမ်းအားစုများကို အခိုင်အမာတည်ဆောက်ထားနိုင်ရန် လိုအပ်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်၏ အခြေခံအကျဆုံး၊ အခိုင်မာဆုံး စွမ်းအားဖြစ်နေသည့် ပညာရေးကဏ္ဍမှနေ၍ အမျိုးသား စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး၊ ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ် ကဏ္ဍစုံ၌ ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းရေး၊ ထူးချွန်ထက်မြက်ပြီး အမျိုးသားရေးအမြင် ကြည်လင်ထက်သန်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ တိုးပွားပေါ်ထွန်းရေးတို့အတွက် ကြိုးပမ်းဖော်ဆောင်ပေးကြရမည်ဖြစ်သည်။

ထို့အပြင် အမျိုးသားကာကွယ်ရေးစွမ်းအား မြင့်မားရေး၊ အမျိုးသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာစေရေးစသည့် အမျိုးသားရေးကိုယ်ခံစွမ်းအားများ ပြည့်စုံနေစေရန် ပညာရေးကဏ္ဍမှနေ၍ ဖော်ဆောင်တည်ဆောက်ပေးကြရမည်ဖြစ်သည်။

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ်ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၄) သင်တန်းဆင်းအခမ်းအနားကို ဇန်နဝါရီလ ၃၀ ရက်နေ့က အဆိုပါတက္ကသိုလ်နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌက သင်တန်းဆင်း တက္ကသိုလ်၊ ကောလိပ်ဆရာ၊ ဆရာမများအား မှာကြားရာတွင် **တက္ကသိုလ်၊ ကောလိပ်ဆရာ၊ ဆရာမများ အပိုင်းကလည်း တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဆီသို့ ချောမွေ့စွာ လျှောက်လှမ်းနိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်အကောင်အထည်ပေါ်လာစေရအောင် မိမိတို့ကျရာ အခန်းကဏ္ဍက တက်ညီလက်ညီပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း** ပြောကြားခဲ့သည်။

ယခုအခါ နိုင်ငံတော်အစိုးရက လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံအဖြစ် တင့်တယ်ဝင့်ထည်စွာ ခိုင်ခိုင်မြဲမြဲရပ်တည်နိုင်စေရေး ရေရှည်အာမခံနိုင်မည့် အခြေခံကောင်းများ တည်ဆောက်နိုင်စေရန် နိုင်ငံတော်ရှေ့ဆက် ချီတက်လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို နိုင်ငံတကာသို့တိုင် အတိအလင်းကြေညာခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံ၏ တိကျပြတ်သားသည့် ရှေ့ဆက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ကုလသမဂ္ဂအဖွဲ့၊ အာဆီယံအသင်းကြီးနှင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများက ထောက်ခံအားပေးကြိုဆိုလျက်ရှိသည်။ မြန်မာနိုင်ငံ အတွင်း၌လည်း တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးက ကြိုဆိုထောက်ခံ ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပနိုင်ရေးအတွက် လိုအပ်သည့် ကော်မတီအရပ်ရပ်ကို ဖွဲ့စည်းပြီး လုပ်ငန်းများစတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အမျိုးသားရေးစွမ်းအားများ ဖော်ဆောင်တည်ဆောက်ပေးလျက်ရှိသည့် ပညာရေးကဏ္ဍမှ တက္ကသိုလ်၊ ကောလိပ်ဆရာ၊ ဆရာမများအနေဖြင့် တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်သို့ ချောမွေ့စွာလျှောက်လှမ်းနိုင်ရေး အကောင်အထည်ဖော် ကြိုးပမ်းလျက်ရှိရာတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စေရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍက တက်ညီလက်ညီပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

သွားကြမယ် 'ဆလုံ' တို့ဆီ

ပါမောက္ခဒေါ်တင်ရီ
(ရန်ကုန်တက္ကသိုလ်၊ မနုဿဗေဒဌာန)

၂၀၀၄ ခု နှစ်ဆန်းပိုင်း ဖေဖော်ဝါရီလမှာ တနင်္သာရီတိုင်း ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် မကြွဲဂုလက်ကျေးရွာမှာ ဆလုံတိုင်းရင်းသားပွဲတော် ကျင်းပသွားမယ်ဆိုတဲ့ သတင်းကြားလိုက်ရတဲ့အတွက် ကျွန်မတို့တက္ကသိုလ် ဆရာမတစ်စုဟာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ၁၉၉၇ ခုနှစ်ကတည်းက ကျွန်မတို့နဲ့ ရင်းနှီးချစ်ခင် အကျွမ်းတဝင်ဖြစ်ခဲ့ကြတဲ့ သွေးရင်းသားရင်း ညီရင်းအစ်ကိုမောင်ရင်းနှမ ပင်လယ်ပျော်သူ ဆလုံတို့ ဘဝအတွက် ထွန်းလင်းသောအနာဂတ် ရောင်ခြည်ကွန့်မြူးလေပြီလို့ ပီတိသောမနဿဖြစ်ရတဲ့အတွက်ကြောင့်ပါပဲ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျေးလက်ဒေသ ပညာရေးအဆင့်မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုကောင်းမွန်ရေး၊ လမ်းပန်းဆက်သွယ်မှု ချောမွေ့ရေး၊ သန့်ရှင်းသော သောက်သုံးရေနဲ့စိုက်ပျိုးရေရရှိရေး၊ စီးပွားရေးအထောက်အကူပြုလုပ်ငန်းများတိုးတက်ရေးတို့အတွက် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်နေတဲ့အချိန်မှာ ဆလုံတိုင်းရင်းသားတွေလည်း နိုင်ငံတော်လုပ်ငန်းစဉ်တွေထဲမှာ မလွဲမသွေပါဝင်လေပြီဖြစ်လို့ ဝမ်းသာအားရဖြစ်မိပါတယ်။

၁၉၉၉ ခုနှစ်ဖေဖော်ဝါရီလအတွင်းက ဖြစ်ပါတယ်။ တနင်္သာရီတိုင်း မြို့နယ် ၁၀ မြို့နယ်မှ ဌာနဆိုင်ရာ အကြီးအကဲတွေ၊ တိုင်းရင်းသားကိုယ်စားလှယ်ကြီးတွေ၊ ဝန်ထမ်း၊ ဆရာ၊ ဆရာမ၊ ကျောင်းသူ၊ ကျောင်းသားတွေ စုံညီစွာ ပြည်ထောင်စုနေ့အခမ်းအနား တက်ရောက်ဖို့အတွက် မြိတ်မြို့ကို ချီတက်ရောက်ရှိခဲ့ကြပါတယ်။ ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနကလည်း နှစ်စဉ် ပြည်ထောင်စုနေ့ကျင်းပရာ မြန်မာတစ်နိုင်ငံလုံးအနှံ့ တိုင်းရင်းသားပေါင်းစုံတို့ကို လိုက်ပြီးလေ့လာရတဲ့ အစဉ်အလာအတိုင်း ယခုလည်း မြိတ်မြို့ကို ရောက်ရှိခဲ့ရပြန်တယ်။ အဓိကရည်ရွယ်ချက်ကတော့ ဆလုံတိုင်းရင်းသားတွေနဲ့ တွေ့ဆုံဖို့ပဲ ဖြစ်ပါတယ်။

မြိတ်မြို့လေးဟာ ပင်လယ်ရေပတ်လည်ဝိုင်းနေတဲ့ ကျွန်းကြီးပေါ်က အင်မတန်သာယာလှပပြီး မျက်စိပသာဒ ကြည့်မဝတဲ့ မြို့ကလေးပါ။ မြိတ်မြို့ရဲ့ ပင်လယ်ဆိပ်ကမ်းကို အနောက်တောင်ဘက်မှာ ပထော်ပထက်တောင်က အကာအကွယ်ပြုထားတဲ့အတွက် လေမုန်တိုင်းဒဏ်၊ သဘာဝဘေးဒဏ်တွေ မကျရောက်နိုင်ကြောင်းသိရပါတယ်။ ပင်လယ်ကူးသင်္ဘောကြီးတွေ ဆိုက်ကပ်နိုင်ကြောင်းလည်း သိရပါတယ်။ The best harbour of South East Asia is Myeik of Myanmar လို့ ဆိုခဲ့ဖူးတယ်လို့လည်း သိရပါတယ်။

ပထော်ပထက်လျောင်းတော်မူ ဘုရားကြီးကိုလည်း ကြည်ညိုဖွယ်ဖူးတွေ့ရပါတယ်။ မြို့လယ်ကောင် တောင်ထိပ်ပေါ်က လေးကျွန်းဆီမီးဘုရားကြီး၊ ဘုရားတောင်အပေါ်စီးက မြင်တွေ့နေရတဲ့ မြိတ်မြို့နဲ့ ဈေးကြီး၊နာရီစင်ကြီး၊ ကူးလာခေါက်ပြန် စုန်ဆန်သွားလာပြီး ရောင်းဝယ်ဖောက်ကားနေကြတဲ့ ဈေးသွား ဈေးလာများကို တွေ့မြင်နေရပါတယ်။ မြိတ်မြို့သူ၊ မြို့သားများဟာ တောင်အဆင်းတောင်အတက် အကွေ့အကောက်များတဲ့ မြိတ်မြို့မှာ မော်တော်ဆိုင်ကယ်ကိုသာ အသုံးများကြပါတယ်။

ပြည်ထောင်စုနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ ဆလုံ တိုင်းရင်းသား ကျောင်းသူ၊ ကျောင်းသားလေးတွေကို ကျောင်းစိမ်းလုံချည်၊ ရှပ်အင်္ကျီအဖြူနဲ့ မြင်တွေ့ခဲ့ရတယ်။ မြိတ်မြို့ရဲ့ဆင်ခြေဖုံး ပင်လယ်ကမ်းစပ်မှာ ဆလုံတွေ နေထိုင်ကြတဲ့ ရွာကလေးကိုလည်း တွေ့ရတယ်။ ဆလုံတွေရဲ့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းက ရေလုပ်ငန်းဖြစ်တဲ့ ငါးဖမ်း၊ ပင်လယ်မျှော့ဖမ်း၊ ခရင်းခွာ၊ စေတီခရုရှာ၊ ကမာငုပ်ခြင်း၊ ပက်ကျိရှာခြင်း၊ ငှက်သိုက်ရှာခြင်းနဲ့ ပုလဲရတနာရှာခြင်းတို့ဖြစ်တယ်။ ငှက်သိုက်ရှာရတာဟာ သက်စွန့်ဆံဖျားလုပ်ရတဲ့ လုပ်ငန်းဖြစ်တယ်။ ပင်လယ်ပြင်အတွင်း ဝေးလံတဲ့ကျွန်းတွေမှာ ငှက်သိုက်ကျွန်း တွေရှိတယ်။ ငှက်သိုက်ကျွန်းတွေရဲ့ ငှက်သိုက်တောင်တွေ အလယ်ကောင်မှာ ပေါင်းချောင်အိုးပုံသဏ္ဍာန် အပေါက်ကြီး တွေရှိတယ်။

ငှက်သိုက်တွေဟာ အဲဒီပေါင်းချောင်အပေါက်ရဲ့ ချိုင့်ဝှမ်းနံရံတွေမှာ တွယ်ကပ်နေကြတယ်။ အဲဒီတွယ် ကပ်နေတဲ့ ငှက်သိုက်တွေကို ဆလုံတိုင်းရင်းသား တွေက တောင်ထိပ်အဝက ကြိုးနဲ့တွယ်ဆင်းပြီး လေထဲမှာ မိမိကိုယ်ကို ငှက်သိုက်နံရံနဲ့ ကပ်ချည်၊ ခွာချည်လုပ်ပြီး ငှက်သိုက်ကို ခွာယူကြရတယ်။ တောင်ထိပ်ပေါင်းချောင်ရဲ့ အောက်ခြေဟာ ဟောင်းလောင်းပေါက်ဖြစ်နေလို့ ပင်လယ်လေဝင်လေထွက် ကောင်းကောင်းရတယ်။ မြိတ်မြို့ကမ်းနားလမ်း အိမ်တစ်အိမ်မှာဆိုရင် အိမ်ထဲကို ငှက်တွေ အလိုအလျောက်ရောက်လာပြီး ငှက်သိုက်အိမ်ဖြစ်သွားရတယ်။ မူလလူနေအိမ်ဖြစ်ပေမယ့် နောင်ငှက်တွေကိုသာ နေရာပေးလိုက်ရတဲ့အတွက် လူမနေတော့ပါဘူး။ အခုငှက်သိုက်လုပ်ငန်းနဲ့ သူဌေးဖြစ်ပြီး တိုက်အိမ် သုံးလေးလုံးနဲ့ ချမ်းသာသွားပါပြီ။

လွန်ခဲ့တဲ့ ခုနစ်နှစ်ကလည်း ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနက ဆရာမတစ်စုဟာ ဆလုံတိုင်းရင်းသားတွေဆီကိုလည်း သွားရောက်ခဲ့ကြတယ်။

၃-၄-၉၇ ရက်နေ့မှာ ကော့သောင်းမြို့ရဲ့ အနောက်ဘက်စူးစူး မြန်မာ့ရေပိုင်နက် ပင်လယ်ပြင်ကြီးအတွင်းက အကြီးဆုံးကျွန်းဖြစ်တဲ့ ဇာဒက်ကြီးကျွန်းနှင့် မျက်နှာချင်းဆိုင် ဇာနည်ကျွန်းကို ရောက်ခဲ့ကြတယ်။ ကျွန်းကြီးဟာ တောင်တန်း၊ တောင်စွယ်၊ သစ်ပင်ကြီးငယ်တွေနဲ့ တန်ဆာဆင်ထားပြီး တောအထပ်ထပ်၊ တောင်အသွယ်သွယ်အဖြစ် တည်ရှိနေတယ်။ ပင်လယ်ကမ်းစပ်ကစပြီး တဖြည်းဖြည်း မြင့်တက်သွားတဲ့ တောကြီး၊ တောင်ကြီး၊ လျှိုမြောင်ကြီးတွေဟာ ပင်လယ်ပြင်အတွင်းမှာ ဧကပေါင်း ၈၅၆၀ ရှိတဲ့ အကြီးမားဆုံး ဇာဒက်ကြီးကျွန်း အဖြစ် တည်ရှိနေတယ်။

ဇာနည်ကျွန်းပေါ်ကနေ တစ်ဖက်ကမ်းမှာရှိတဲ့ ဆလုံရွာကလေးတွေကို အတိုင်းသား မြင်တွေ့နေရ ပါတယ်။ အဲဒီ ဇာဒက်ကြီးကျွန်းမှာ တလွန်းရွာနဲ့ ကော့ညော့ရွာဆိုပြီး ဆလုံရွာနှစ်ရွာရှိပါတယ်။

ဇာနည်ကျွန်းကနေ တစ်ဖက်ကမ်းမှာရှိသည့် ဇာဒက်ကြီးကျွန်းကို လှေနဲ့ ခရီးဆက်ခဲ့ကြပါတယ်။

ဆလုံကျွန်းတစ်ဖက်ကမ်းက ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းကို လှမ်းမြင်နေရပါတယ်။ ဘုန်းကြီး ကျောင်းကို ရောက်တဲ့အခါ ရွာသူကြီးဦးဆောင်တဲ့ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ကျောင်းသူ၊ ကျောင်းသားများ၊ ကျောင်းအုပ်ဆရာကြီးနဲ့ ဆရာ၊ ဆရာမများ၊ ရွာသူ၊



ရွာသားများ အားလုံးကို တွေ့ဆုံနှုတ်ဆက်ခွင့်ရခဲ့ပါတယ်။ ဘုရားကန်တော့ခြင်း၊ ဘုန်းကြီး ကန်တော့ခြင်းတို့ ပြီးစီးသောအခါ ဆလုံတို့ရဲ့ ဘာသာရေး၊ သာသနာရေးကို ကိုယ်တွေ့မျက်မြင် လေ့လာခွင့်ရခဲ့တယ်။ ဘာသာ၊ သာသနာကိစ္စ၊ ကျောင်းသူ၊ ကျောင်းသားများရဲ့ ပညာရေးကိစ္စတွေကို မေးမြန်းဆွေးနွေးခွင့်ရခဲ့တယ်။ မကြာမီ ထမင်းပွဲပြင်ဆင်ကျွေးမွေးလို့ နေ့လယ်စာ ဆလုံဟင်းနဲ့ ဆလုံထမင်းကို မြိန်ရေရှက်ရေ စားခွင့်ကြုံခဲ့တယ်။

အဲဒီနောက်မှာ အလှူငွေနဲ့ လက်ဆောင်ပစ္စည်းတွေပေးအပ်ပြီး ဆလုံတို့ရဲ့ ရွာထဲကို ဆက်လက်ထွက်ခွာ ခဲ့ကြပါတယ်။ ရွာလယ်ကောင်မှာ ဆလုံနတ်စင်၊ ဆလုံနတ်ရုပ်နဲ့ ဆလုံယဉ်ကျေးမှုပြခန်း ရှိတယ်။

ကျွန်မတို့ဟာ ယဉ်ကျေးမှုပြခန်းကို ဦးစွာသွားရောက် လေ့လာကြပါတယ်။ ပြခန်းအတွင်းမှာ ဆလုံနတ်စင်၊ ဆလုံနတ်ရုပ်၊ ရေငန်းသားဖြင့် ပြုလုပ်ထားတဲ့ ကဗန်းခေါ် ဆလုံလှေကလေးကိုလည်း ပြသထားပါတယ်။ မျှော့များ၊ ငါးများ၊ ခရုများ၊ ပင်လယ်မှရတဲ့ ကျောက်ပန်း၊ ကျောက်ခက်များ၊ ပင်လယ်ရေအောက်မှ အဖိုးတန် သန္တာနက်တို့ကိုလည်း ပြသထားပါတယ်။ ငါးမျှားကိရိယာအမျိုးမျိုး၊ အမဲလိုက်ကိရိယာများ၊ အိမ်ဆောက်ကိရိယာများ၊ ဥယျာဉ်ခြံနှင့် လယ်လုပ်ကိရိယာများကိုလည်း ပြည့်စုံစွာ ပြသထားပါတယ်။

ပြတိုက်ရှေ့ရှိ နတ်စင်နှင့် နတ်ရုပ်ကိုလည်း ဆက်လက်လေ့လာခဲ့ကြပါတယ်။ အဲဒီအချိန်မှာ ဆလုံတိုင်းရင်းသူ၊ တိုင်းရင်းသား သက်ကြီးရွယ်အိုမှအစ လူငယ်၊ လူရွယ်များဟာ တီးမှုတ်ကခုန်ကြဖို့ စုဝေး နေကြပြီ ဖြစ်ပါတယ်။ အဲဒီအထဲမှာ မွန်၊ ရခိုင်၊ ပအိုဝ်၊ ဗမာ တိုင်းရင်းသားတွေလည်း ပါဝင်ကြပါတယ်။

မကြာမီ ဆလုံတိုင်းရင်းသားတွေ တေးသီချင်းသီဆိုပြီး ဗုံနဲ့ဝါးဆစ်တို့ကို တီးခတ်ကာ ကကြပါတော့တယ်။ အဲဒီနေ့ညက ဇာဒက်ကြီးကျွန်းမှာပဲ မီးပုံပွဲနှင့် အကအခုန်၊ အတီးအမှုတ်၊ တေးသီချင်း၊ ယိမ်းအဖွဲ့များနဲ့ ဖျော်ဖြေပါသေးတယ်။

တလွန်းရွာ ပင်လယ်ကမ်းခြေမှာ မီးစွယ်မီးညွန့်များဖြင့် တဟုန်းဟုန်း တောက်နေတဲ့ မီးပုံကြီးများကြောင့် ဇာဒက်ကြီးကျွန်းတစ်ကျွန်းလုံး လင်းထိန်လျက် ရှိပါတယ်။ တစ်ရွာလုံးရှိ ရွာသူ၊ ရွာသားများဟာ ဝတ်ကောင်းစားလှများ ဝတ်ဆင်ကာ လမ်းမပေါ်ကိုထွက်ပြီး ပြုံးရွှင်သော မျက်နှာ၊ သွက်လက်သော အမူအရာတွေနဲ့ သွားလာလှုပ်ရှားပျော်ပါးနေကြပါတယ်။ ရွာလမ်းမတစ်လျှောက် ဘေးဝဲယာမှာလည်း ကုန်စုံဆိုင်၊ ကွမ်းယာဆိုင်၊ ပစ္စည်းပစ္စယအရောင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ မုန့်ဆိုင်များကိုလည်းတွေ့ရတယ်။

ဆလုံ တူရိယာဝိုင်းမှာ ဆလုံဗုံတိုနှင့် ဝါးဆစ်တိုတွေကို အရေအတွက် တိုးမြှင့်ထားပါတယ်။ ကမယ့်သူတွေအထဲမှာ သက်ကြီးရွယ်အိုများအပြင် အသက်အရွယ်ငယ်ရွယ်နုပျိုသော မိန်းမပျိုကလေးများလည်း ပါဝင်ကြပါတယ်။ ယောကျ်ားလေးလူပျိုများကိုယ်စား အမုခေါ် ဆလုံတိုင်းရင်းသား လူငယ်တစ်ဦး ပါဝင်ကပြတယ်။ နတ်ဆရာကြီးက ကိုယ်ကိုယိမ်းနွဲ့ပြီး ဘယ်လက်နဲ့ ညာလက် တစ်လှည့်စီမြှောက်ကာ ဆလုံသီချင်းကို စတင်သီဆိုပါတယ်။ ဗုံသံနဲ့ ဝါးလုံးသံတွေဆူညံသွားတယ်။ ဆလုံအဘွားအို လေးယောက်ကလည်း တစ်ပြိုင်နက်ကပြကြတယ်။ နာရီဝက်၊ တစ်နာရီခန့်ကြာမျှ ဆိုကြ၊ ကကြတယ်။ အကဟာ ငြိမ့်ညောင်းတယ်။ ရှေးဆန်တယ်။ သီချင်းတွေကလည်း ဆလုံတို့ရဲ့ဘဝ၊ ဆလုံတို့ရဲ့ဖြစ်စဉ်များကို ပုံပြင်ဒဏ္ဍာရီများသဖွယ် ပြောပြနေတယ်။ ဆလုံတိုင်းရင်းသူငါးယောက်က ခေတ်အပြင်အဆင်များနဲ့ ယိမ်းသဖွယ်ကကြတယ်။ ဆလုံလူငယ် အမုကလည်း ဝင်ပြီးကတယ်။ အချီအချပြောကာ သီချင်းဆိုတယ်။ အမုရဲ့အကကောင်း၊ အဆိုကောင်းမှုကြောင့် ပရိသတ်က လက်ခုပ်တီးပြီး ဩဘာပေးကြတယ်။ ဆုငွေတွေလည်း ချီးမြှင့်ကြတယ်။

ဇာဒက်ကြီးကျွန်းဟာ အကြီးဆုံးကျွန်းဖြစ်ပြီး ပလောကာကျွန်းလိုကျွန်းကတော့ ဒုတိယအကြီးဆုံး ဖြစ်တယ်။ အဲဒီကျွန်းမှာ အလွန်သာယာလှပတဲ့ ကမ်းခြေရှိတယ်။ ပလောကာကျွန်းလို ကျွန်းနဲ့ တစ်စပ်တည်း စိန်ပေါကျွန်းပေါ်မှာ ဟိုတုန်းက တာပူးရွာ၊ တာပေါရွာဆိုတဲ့ဆလုံရွာ ဟောင်းတွေရှိခဲ့တယ်။ ၁၉၈၉–၁၉၉၁ မှာ ၎င်းရွာတွေကနေ တလွန်းရွာနှင့် ကော့ညော့ရွာကို ဆလုံတိုင်းရင်းသားများ ပြောင်းရွှေ့နေထိုင်ခဲ့ကြတယ်။

ရိုးရာ ခြေတံရှည်အိမ်

ဆလုံတို့၏ ရိုးရာ ခြေတံရှည် အိမ်ကို ဤသို့ တွေ့ရှိနိုင်သည်။

ထိုင်းနိုင်ငံဘက်ကကြည့်ရင် တံခါးဝလိုဖြစ်နေတဲ့ မြိတ်မြို့အတွင်းကို အစောဆုံးရောက်ရှိခဲ့တဲ့ ဥရောပတိုက်သား နိုင်ငံခြားသားတွေကတော့ ပေါ်တူဂီတွေပဲဖြစ်တယ်။ ဒုတိယ ဝင်ရောက်လာသူတွေကတော့ ပြင်သစ်နဲ့ အင်္ဂလိပ်တို့ ဖြစ်ကြတယ်။ ၁၈၃၄ ခုနှစ်မှာ အင်္ဂလိပ်အစိုးရက တနင်္သာရီတိုင်းကို အိန္ဒိယဘုရင်ခံရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်မှာထားပြီး အုပ်ချုပ်ခဲ့တယ်။

မြန်မာနိုင်ငံ တနင်္သာရီတိုင်း ကော့သောင်းခရိုင်က ကော့သောင်းမြို့ဟာ မြန်မာနိုင်ငံ တောင်ဘက် အစွန်ဆုံးမှာတည်ရှိတယ်။ ကော့သောင်းမြို့နယ်ရဲ့ မြောက်ဘက်မှာ ဘုတ်ပြင်းမြို့နယ်နဲ့ မလိဝမ်း ကျေးရွာတို့ရှိပြီး လမ်းပိကျွန်းအနီးမှာ မကြွဲဂုလက်ကျေးရွာတည်ရှိပါတယ်။

နတ်မြစ်ဝမှ ဘုရင့်နောင်အငူအထိ မြန်မာ့ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်ရှိ မြန်မာပိုင်ကျွန်းကြီး၊ ကျွန်းငယ် ၁၀၀၀ ကျော်ဟာ ကျယ်ပြန့်တဲ့ ပင်လယ်ပြင်အတွင်း သူ့နေရာနှင့်သူ လှပစွာ တည်ရှိနေကြတယ်။ ယင်းပင်လယ်ပြင်အတွင်းတွင် တစ်ကျွန်းမှ တစ်ကျွန်း ခရီးသည်များဟာ သင်္ဘော၊ ရွက်လှေကြီးများဖြင့် ကူးသန်းသွားလာလျက်ရှိကြတယ်။ ခရီးသည်များမှာ တနင်္သာရီတိုင်းအတွင်း နေထိုင်ကြတဲ့ မွန်၊ ဗမာ၊ ထားဝယ်၊ မြိတ်၊ဆလုံစတဲ့ တိုင်းရင်းသားများနှင့် နိုင်ငံခြားသားများ ပါဝင်ကြတယ်။

ဒါ့ကြောင့် သာယာလှပတဲ့ ကော့သောင်းခရိုင် မကြွဲဂုလက်ကျေးရွာတွင် ကျင်းပမယ့် ဆလုံတိုင်းရင်းသားပွဲတော်သို့ တစ်ခါတစ်ခေါက် လာရောက်ကြဖို့ ဖိတ်ခေါ်လိုက်ရပါတယ်။ ။

အမျိုးသမီး ဆရာဝန်များအဖွဲ့ အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့၏ ၂၀၀၃ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၄/၂၀၀၅ခုနှစ်အတွက် အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက် ၁၀နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ(အေ)၌ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီးဆရာဝန်များ ဦးဆောင်နာယက ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းအစည်းအဝေးသို့ ဦးဆောင်နာယက ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် နာယကကြီးများ၊ အကြံပေးပုဂ္ဂိုလ် ဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းဗဟိုဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးမြင့်နှင့် အမှုဆောင်များ၊ အမျိုးသမီးဆရာဝန်များအဖွဲ့ – အဖွဲ့ဝင် ဆရာဝန်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ သဘာပတိ ဒေါက်တာဒေါ်ရီရီလှက အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၃ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာကို အထွေထွေ အတွင်းရေးမှူး ဒေါက်တာဒေါ်ခင်မာအေးက လည်းကောင်း၊ ၂၀၀၃ခုနှစ် ဘဏ္ဍာရေးငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်သန်းက လည်းကောင်း ဖတ်ကြားတင်ပြကာ အတည်ပြုကြသည်။

ထို့နောက် သဘာပတိ ဦးဆောင်နာယက ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားပြီး ၂၀၀၄/၂၀၀၅ခုနှစ်အတွက် ဦးဆောင်နာယက ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဦးဆောင်သော နာယကအဖွဲ့ဝင်ရှစ်ဦးနှင့် အမှုဆောင် ၁၅ဦးတို့အား ရွေးချယ်တင်မြှောက်ကြသည်။

၂၀၀၄/၂၀၀၅ခုနှစ်အတွက်ရွေးချယ်ခြင်းခံရသော အမျိုးသမီးဆရာဝန်များအဖွဲ့ဥက္ကဋ္ဌအသစ် ဒေါက်တာ ဒေါ်ခင်လေးကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။ (သတင်းစဉ်)

(၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ အရှင်မြတ်နှစ်ပါး၊ တိပိဋကဓရအရှင်မြတ်တစ်ပါး ပေါ်ထွန်း

ရန်ကုန် ဇန်နဝါရီ ၃၁

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၁၀ပြည့်နှစ် (၁၉၄၈)ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ ၅၅နှစ်တာကာလအတွင်း ပိဋကတ်သုံးပုံ အာဂုံ+ရေးဖြေအောင် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ် ကိုးပါး၊ တိပိဋကဓရ သာသနာ့အာဇာနည်အရှင်မြတ်သုံးပါး ပေါ်ထွန်းခဲ့ပြီးဖြစ်သည်။

(၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၈-၁၂-၂၀၀၃ရက်မှ ၂၇-၁-၂၀၀၄ရက်အထိ တစ်လတိုင်တိုင် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပပြုလုပ်ခဲ့သည်။ ယင်းစာမေးပွဲ၌ ပိဋကတ်သုံးပုံ ကျမ်းစာအသီးသီး အာဂုံအောင် ၆၅ပါး၊ သဘောရေးဖြေအောင် ၁၇ပါး အောင်မြင်တော်မူကြရာ ယင်းတို့အနက် ပိဋကတ်သုံးပုံ အာဂုံ+ရေးဖြေအောင် တိပိဋကဓရ တိပိဋကကောဝိဒ အရှင်မြတ်နှစ်ပါးနှင့် ပိဋကတ်သုံးပုံ အာဂုံအောင် တိပိဋကဓရ အရှင်မြတ်တစ်ပါး ပေါ်ထွန်းခဲ့သည်။

တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်သုန္ဒရ၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း



ဆရာတော် လောင်းလျာသည် မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ် ကျောက်တိုင်ကျေးရွာ ခမည်းတော် ဦးသာဒွန်း၊ မယ်တော်ဒေါ်ခင်ဖွားတို့မှ ၁၃၁၇ခုနှစ်၊ ကဆုန်လဆန်း ၈ရက် (သောကြာနေ့)တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် အသက် (၁၂)နှစ်အရွယ်တွင် ပခုက္ကူခရိုင် မြိုင်မြို့ မန်ကျည်းချိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောဝိဒထံ၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေပြုခဲ့သည်။

သက်တော် (၁၉)နှစ်အရွယ် ၁၃၃၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ရက်နေ့တွင် မန္တလေးတိုင်း၊ အမရပူရမြို့နယ် တူးမောင်းကျောင်းတိုက် ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တကောဝိဒကို ဥပဇ္ဈာယ်ပြုလျက် ဦးသန်း၊ ဒေါ်ခင်လှ၊ ဦးအောင်သိန်း၊ ဒေါ်စိမ်းရည်၊ ဦးဝင်းမောင်၊ ဒေါ်ဖြူစသည်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ပရိယတ္တိစာပေ သင်ယူဆည်းပူးခြင်း

အရှင်သုန္ဒရသည် မကွေးတိုင်း မြိုင်မြို့ မန်ကျည်းချိုကျောင်း ဆရာတော် ဘဒ္ဒန္တကောဝိဒ၊ အမရပူရမြို့ တူးမောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒိယ၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောဝိဒါဘိဝံသ၊ ဇန်းမော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုမာရ၊ ရန်ကုန်မြို့၊ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသစသည့် ပရိယတ္တိအကျော်အမော် ဆရာတော်တို့ထံ၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ပိဋကတ်ကျမ်းစာများကို သင်ယူဆည်းပူးခဲ့သည်။

အမြင့်ဆုံးအောင်မြင်ခဲ့သောစာမေးပွဲများ

အရှင်သုန္ဒရသည် ပထမပြန် ငယ်၊ လတ်၊ ကြီးစာမေးပွဲနှင့် ဓမ္မာစရိယ စာချတန်းကို ဂုဏ်ထူးနှင့်တကွ အောင်မြင်သဖြင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့ကိုလည်းကောင်း၊ ၂၀၀၁ခုနှစ် (၅၃)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ပိဋကတ်သုံးပုံ အာဂုံပြန်ဆို အောင်မြင်သဖြင့် တိပိဋကဓရဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

ဒသမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် အရှင်သုန္ဒရသည် ကျန်ရှိသော ပိဋကတ်သုံးပုံ ပါဠိအဘိဓမ္မာပိဋက(နောက်ပိုင်း)ကို ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် စွန်းလွန်းဂူ ဝိပဿနာကျောင်းမှ ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့သည်။

ယခုအခါ အရှင်သုန္ဒရသည် ပိဋကတ်သုံးပုံကို အာဂုံပြန်ရော၊ ရေးဖြေပါ ပြီးစီးအောင်မြင်သွားပြီဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ပရိယတ္တိစာမေးပွဲလောကတွင် ဒသမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်မြတ်အဖြစ် ပေါ်ထွန်းလာပြီဖြစ်သည်။

တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်ကုန္ဒပါလ၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ် မကျည်းကျွန်းကျေးရွာ ခမည်းတော် ဦးငွေတင်အောင်- မယ်တော် ဒေါ်ပဲစိန်တို့မှ ၁၃၂၂ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ရက် (တနင်္ဂနွေနေ့)တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ရမ်းဗြဲမြို့နယ် မကျည်းကျွန်းမြောက်ကျောင်း ဆရာတော် ဘဒ္ဒန္တသာသန ထံ၌ အဘွား ဒေါ်အေးမြဦးနှင့် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေပြုခဲ့သည်။

ဆရာတော်သည် ပဲခူးမြို့ မျက်နှာတော်ကျောင်းတိုက် ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တနာဂိန္ဒကို ဥပဇ္ဈာယ်ပြုလျက် ပဲခူးမြို့ဦးသိန်းအောင်-ဒေါ်မေမေခင်မိသားစု၊ ရန်ကုန်မြို့ သီဟသုဓမ္မ မဏိဇောတဓရ ဆရာကြီး ဦးကျော်မင်းမိသားစု၊ ဦးလှမြင့်-ဒေါ်အေးမြတ်မူမိသားစု၊ ဒေါက်တာစိုးလွင်-ဒေါ်ခင်မေတင့်မိသားစု၊ ဦးမောင်မောင်လွင်-ဒေါ်စိန်မိသားစု၊ ဦးထွန်းရင်ဦး-ဒေါ်စိန်နိုင်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ပရိယတ္တိစာပေ သင်ယူဆည်းပူးခြင်း

ဆရာတော်သည် ရမ်းဗြဲမြို့နယ် မကျည်းကျွန်းဆရာတော်ဘဒ္ဒန္တသာသန၊ ပဲခူးမြို့ မင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသူရိယ၊ မြောင်းမြမြို့ ပဋ္ဌာနတာရုံတိုက်သစ် ဆရာတော် ဘဒ္ဒန္တကုမာရ၊ ဘဒ္ဒန္တနန္ဒ၊ စစ်ကိုင်းတောင်ရိုး မင်းကွန်း ဓမ္မနာဒကျောင်းတိုက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ ဇန်းမော်ဆရာတော်ဘဒ္ဒန္တကုမာရစသည့် ဆရာတော်တို့ထံ၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာများကို သင်ယူဆည်းပူးခဲ့သည်။

အမြင့်ဆုံးအောင်မြင်ခဲ့သော စာမေးပွဲများ

အရှင်ကုန္ဒပါလသည် ပထမပြန်ငယ်၊ လတ်၊ ကြီးစာမေးပွဲနှင့် ဓမ္မာစရိယ စာချတန်းကို ဂုဏ်ထူးနှင့်တကွ အောင်မြင်သဖြင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့ကိုလည်းကောင်း၊ ၂၀၀၁ခုနှစ် (၅၃)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ပိဋကတ်သုံးပုံ အာဂုံပြန်ဆို အောင်မြင်သဖြင့် တိပိဋကဓရ ဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

ဧကာဒသမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် အရှင်ကုန္ဒပါလသည် ကျန်ရှိသော အဘိဓမ္မာပိဋက (နောက်ပိုင်း)ကို ရန်ကုန်မြို့၊ စကားဝါလမ်း တိပိဋကနိကာယကျောင်းတော်မှ ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့သည်။ ယခုအခါ အရှင်ကုန္ဒပါလသည် ပိဋကတ်သုံးပုံကို အာဂုံပြန်ရော၊ ရေးဖြေပါ အောင်မြင်ပြီးစီးသွားပြီဖြစ်၍ ပြည်ထောင်စု မြန်မာနိုင်ငံ ပရိယတ္တိစာမေးပွဲလောကတွင် ဧကာဒသမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်မြတ်အဖြစ် ပေါ်ထွန်းလာပြီ ဖြစ်သည်။

တိပိဋကဓရဘွဲ့တံဆိပ်တော်ရ အရှင်ကုန္ဒာစရိယ၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း



အရှင်ကုန္ဒာစရိယသည် စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ် မြူးတူးရွာ ခမည်းတော် ဦးဘိုဟန်- မယ်တော် ဒေါ်မြို့ကြည်တို့မှ ၁၃၂၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက် (၂၇-၁၂-၆၄) တနင်္ဂနွေနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ရှင်ရဟန်းပြုတော်မူခြင်း

အရှင်ကုန္ဒာစရိယသည် ၁၃၃၇ခုနှစ်၊ နယုန်လဆန်း ၁၁ရက် (အင်္ဂါနေ့)တွင် မိုးကုတ်မြို့ မင်းတံတားရပ်နေ ဦးလေးဖြစ်သူ ဦးထွန်းရွှေ-ဒေါ်တင်မေ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။

၁၃၄၆ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၇ ရက် (ကြာသပတေးနေ့)တွင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့ ပဋ္ဌာနတာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာဂဝံသ (အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြုလျက် မန္တလေးမြို့ စက်မှုထူးချွန်တတိယဆင့် ဦးကျော်သန်း-ဒေါ်ငွေးတင်မိသားစု၊ ဦးဝင်းရွှေ-ဒေါ်မြင့်ရီမိသားစု၊ ဦးကျော်လွင်-ဒေါ်စန်းစန်းငွေမိသားစု စသည်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ပရိယတ္တိစာပေ သင်ယူဆည်းပူးခြင်း

အရှင်ကုန္ဒာစရိယသည် ဘုတလင်မြို့နယ်၊ သခွတ္တနယ်ရွာ ကျောင်းကြီး ဆရာတော်ဘဒ္ဒန္တဝဏ္ဏသိရီ၊ မုံရွာမြို့ ပဋ္ဌာနတာရုံ ဆရာတော်ဘဒ္ဒန္တနာဂဝံသ (အဂ္ဂမဟာပဏ္ဍိတ)နှင့် စာချဆရာတော်များ၊ ဆားလင်းကြီးမြို့နယ် မိုင်းမြို့ ဝါးတန်းကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိဿရ၊ စစ်ကိုင်းမြို့ ကြခင်းပဋ္ဌာနတာရုံ ဆရာတော် ဘဒ္ဒန္တဝိသုတ၊ ပုသိမ်ကြီးမြို့နယ်၊ မြကန်သာရွာ မြကန်သာ ဆရာတော် ဘဒ္ဒန္တစန္ဒသိရီ၊ ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၊ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ တို့ထံ၌ ပရိယတ္တိစာပေများကို လေ့လာသင်ယူခဲ့သည်။

အောင်မြင်ခဲ့သော ပရိယတ္တိစာမေးပွဲများ

အရှင်ကုန္ဒာစရိယသည် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ပထမပြန်စာမေးပွဲ၊ ဓမ္မာစရိယစာချတန်းကို အောင်မြင်တော်မူသဖြင့် သာသနဓဇဓမ္မာစရိယဘွဲ့ကိုလည်းကောင်း၊ (၅၃)ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲတွင် အဘိဓမ္မာရှေ့ပိုင်း ငါးကျမ်းရေးဖြေကိုလည်းကောင်း အောင်မြင်တော်မူခဲ့သည်။

တိပိဋကဓရဘွဲ့တံဆိပ်တော်ရရှိတော်မူခြင်း

အရှင်ကုန္ဒာစရိယသည် သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၀၃ခုနှစ် (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးကြီး၌ အဘိဓမ္မပိဋက၊ အဘိဓမ္မာ ဒုတိယပိုင်း နှစ်ကျမ်းကို ဒဂုံမြို့နယ်၊ စကားဝါလမ်း တိပိဋကနိကာယ ကျောင်းတော်မှ ဝင်ရောက် အာဂုံပြန်ဆို အောင်မြင်တော်မူသဖြင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့သည်။

အစည်းအဝေးတက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၃၁

ထိုင်းနိုင်ငံ၌ ကျင်းပမည့် 17th ASEAN - US Dialogue Meeting သို့ တက်ရောက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးပြုံးမောင်မောင်နှင့် ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစိန်မြင့်တို့သည် ဇန်နဝါရီ ၂၉ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ယုံကြည်ချက်စာပေ အမှတ် (၁၁၁) (၃၃)လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့က ထုတ်ဝေ၍ မျိုးဆက်သစ်စာပေ အမှတ် (၂၁၂)၊ (ဘီ-၂) ၃၆ လမ်း၊ ကျောက်တံတား မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၉၉၄၁ က ဖြန့်ချိသော သော်တာမြင့်မိုရ်၏ ရွှေလက်ဆောင် (အချစ်၊ ဘဝ၊ ဒသနစာစုများ) စာအုပ်မျက်နှာဖုံး။

(က-ပ)

စာတမ်းဖတ်ပွဲ တက်ရောက်နိုင်

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူး၍ ဒေါက်စိုးသိန်း (ST Design & Consulting Group) ၏ Design of Earthquake and Wind Resistant High-Rise Buildings Using "ORION'' Software စာတမ်းကို ရန်ကုန်တိုင်း လှိုင်မြို့နယ် MICT Part Main Building, Conference Hall. ၌ ဖေဖော်ဝါရီ ၇ ရက်(စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ဖတ်ကြားဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေဆိုးရွား ဒီဇင်ဘာလထက် ဇန်နဝါရီလ၌ သေဆုံးမှုပိုမိုများ

ဖမ်းဆီးခေါ်ဆောင်

ဇန်နဝါရီ ၂၉ ရက်က အီရတ်နိုင်ငံ အော်ဂျာမြို့တွင် နေအိမ်တစ်အိမ်ကို ရုတ်တရက် စီးနင်းဝင်ရောက်ရှာဖွေပြီးနောက် အီရတ်တစ်ဦးအား အမေရိကန် တပ်ဖွဲ့ဝင်များက ခေါ်ဆောင်လာစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက် ဇန်နဝါရီ ၂၉

အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်ကို လွန်ခဲ့သော တစ်လကျော်က ဖမ်းဆီးမိခဲ့သည်။ ထိုနောက်ပိုင်းတွင် အမေရိကန်သိမ်းပိုက်ရေးတပ်များအပေါ် တိုက်ခိုက်မှု အကြိမ်အရေအတွက် လျော့နည်းသွားသည်ကို တွေ့ရသည်။ သို့သော် ထိုတိုက်ခိုက်မှုများကြောင့် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ဇန်နဝါရီလတွင် သိသာစွာ တိုးလာသည်ကို တွေ့ရှိကြရသည်။

ပြီးခဲ့သော ကြာသပတေးနေ့အထိ ကာလအတွင်း တိုက်ခိုက်မှုများကြောင့် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၃၃ဦးရှိကြောင်း သိရသည်။ ဒီဇင်ဘာလအတွင်း သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၂၄ဦးရှိပြီး အပေါင်းပါတပ်ဖွဲ့များ၏ စုစုပေါင်း သေဆုံးမှုစာရင်းမှာ ၃၂ဦးရှိခဲ့ကြောင်း သတင်းများက ဆိုသည်။

အတော်စောစောပိုင်းက အမေရိကန်နိုင်ငံရေးအသိုင်းအဝိုင်းနှင့် စစ်ဘက်ဆိုင်ရာများက အီရတ်တွင် လုံခြုံရေးအခြေအနေမှာ တိုးတက်လာသည်ဟု ပြောဆိုမှုများရှိခဲ့သည်။ ယခုသိရှိရသော သေဆုံးမှုစာရင်းများကို ထောက်ရှုလျှင် လုံခြုံရေးအခြေအနေမှာ သက်ဆိုင်ရာများ၏ ပြောကြားချက်နှင့် ဆန့်ကျင်ကွဲလွဲနေသည်ကို တွေ့ရသည်ဟု ဆိုသည်။

အီရတ်တွင်သာမက အာဖဂန်နစ္စတန်နိုင်ငံတွင်လည်း အမေရိကန်တပ်ဖွဲ့ဝင် အသေအပျောက်မှာ မြင့်တက်လာသည်။ နိုင်ငံတောင်ပိုင်းရှိ လက်နက်သိုလှောင်ရာ နေရာတစ်ခု အနီးတွင် ကြာသပတေးနေ့က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

ယခုလအတွင်း အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များ၏ အသေအပျောက် စာရင်းကို အမေရိကန်နိုင်ငံ ဖလော်ရီဒါရှိ ဗဟိုကွပ်ကဲရေးဌာနမှ ထုတ်ပြန်ချက်များအပေါ် အခြေခံ၍ တွက်ချက်ထားခြင်းဖြစ်သည်ဟု ဆိုသည်။

အခက်အခဲရှိ

ထိုစာရင်းများနှင့် ပတ်သက်၍ အမေရိကန် စစ်ဘက်ဆိုင်ရာများက တစ်စုံတစ်ရာငြင်းဆို ခြင်းသော်လည်းကောင်း၊ အတည်ပြုခြင်းသော်လည်းကောင်း ပြုလုပ်ခြင်း မရှိပေ။ အီရတ်ရှိ အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက စာရင်းအင်းများကို နှစ်လအတွက်သာ ထိန်းသိမ်းထားကြောင်း၊ ထို့အပြင် ကွန်ပျူတာမကောင်းသောကြောင့်လည်း အခြားသော လများအတွက် တရားဝင် အထိခိုက်စာရင်းများကို တွက်ချက်ရယူရန် အခက်အခဲရှိကြောင်း ပြောကြားသည်ဟုဆိုသည်။

အများဆုံးလ

မည်သို့ဆိုစေကာမူ အားလုံးကို ခြုံ၍ကြည့်လျှင် စစ်ပြီးပြီဆိုသော နောက်ပိုင်းလများတွင် ဇန်နဝါရီလသည် အပေါင်းပါတပ်ဖွဲ့များအတွက် အသေအပျောက် အများဆုံးလဖြစ်သည်။ ဇန်နဝါရီလ ပထမ ၂၈ ရက်အတွင်း တိုက်ခိုက်မှုများကြောင့် သေဆုံးရသော တပ်ဖွဲ့ဝင် စုစုပေါင်းသည် အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် တပ်ဖွဲ့ဝင် ၃၅ဦးနှင့် နိုဝင်ဘာလများမှလွဲလျှင် အမြင့်ဆုံး ကိန်းဂဏန်းဖြစ်နေသည်ကို တွေ့ရသည်။ အောက်တိုဘာလတွင်တပ်ဖွဲ့ဝင်၈၄ဦးအသီးသီး သေဆုံးခဲ့ရကြောင်း သိရသည်။

ဇန်နဝါရီလ အသေအပျောက်၏ ထက်ဝက်ကျော်ဖြစ်သော တပ်ဖွဲ့ဝင် ၁၈ဦးသည် အန်ဘာပြည်နယ် တစ်ခုတည်းတွင် သေဆုံးခဲ့ရခြင်းဖြစ်သည်။ ထိုဒေသတွင် အီရတ်နိုင်ငံအလယ်ပိုင်းရှိ ဖော်လူဂျာ၊ ရာမာဒီနှင့် ခါဒီယာမြို့များ တည်ရှိသည်။ ဇန်နဝါရီ ၈ ရက်က ဖော်လူဂျာမြို့အနီးတွင် ဘလက်ဟော့ခ် ရဟတ်ယာဉ် ပစ်ချခံခဲ့ရသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်ကိုးဦး သေဆုံးခဲ့ရသည်။

စုံစမ်းနေဆဲ

တစ်ဖန် ဇန်နဝါရီလ ၂၃ ရက်နှင့် ၂၅ရက်နေ့များတွင် ရဟတ်ယာဉ်နှစ်စင်း ပျက်ကျခဲ့သောကြောင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး ထပ်မံသေဆုံးခဲ့ရပြန်သည်။ အဆိုပါကိစ္စမှာ ပစ်ချခံရခြင်းဟုတ်၊ မဟုတ် စုံစမ်းနေဆဲဖြစ်သည်ဟု သိရသည်။

ဖြစ်ပွား

အီရတ်လူမျိုးများ၏ အသေအပျောက် စာရင်းမှာလည်း မသေးလှပါ။ အီရတ်စစ်ပွဲ ပြီးသွားပြီဟု အမေရိကန်သမ္မတက ကြေညာခဲ့သော မေ ၁ ရက် နောက်ပိုင်းတွင် ပစ်ခတ်တိုက်ခိုက်မှုများ၊ ဗုံးခွဲမှုများနှင့် အသေခံတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

ထိုတိုက်ခိုက်မှုများကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင် ၃၀၀ကျော် သေဆုံးခဲ့ရပြီဟု အီရတ်ပြည်ထဲရေးဝန်ကြီး နိုအူရီဘဒ်ရန်က ပြောကြားသည်။ မေ ၁ ရက်နောက်ပိုင်း သေဆုံးကြရသော အပေါင်းပါတပ်ဖွဲ့ဝင်ဦးရေမှာ ၂၈၅ ယောက်ဖြစ်သည်ဟု အီရတ်အပေါင်းပါတပ်ဖွဲ့ အသေအပျောက်စာရင်း ပြုစုရေးအရ သိရသည်။

ပြီးခဲ့သော ကြာသပတေးနေ့ကလည်း အီရတ်၌ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားပြန်သည့်အတွက် အီရတ်တစ်ဦး သေဆုံးပြီး ၁၃ဦး ဒဏ်ရာရသွားသည်ဟု ဆိုသည်။ ***အင်တာနက်။***

အီရတ်ရောက် သတင်းစာဆရာများအပေါ် ဆက်ဆံမှု ရိုက်တာသတင်းဌာနက အမေရိကန်ကို ပြင်းထန်စွာဝေဖန်

ဘဂ္ဂဒက် ဇန်နဝါရီ ၃၀

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက ဓာတ်ပုံသတင်းထောက်နှစ်ဦးကိုသတ်ဖြတ်ပြီး၊ သတင်းထောက်နှစ်ဦးနှင့်၎င်းတို့၏ယာဉ်မောင်းတို့ကို ဖမ်းဆီးပြီးနောက် အီရတ်၌သတင်းထောက်များအတွက် စိုးရိမ်စရာဖြစ်မှုကို ကိုင်တွယ်ဖြေရှင်းရန်ပျက်ကွက်ကြောင်း အမေရိကန်စစ်ဌာနချုပ်အား ရိုက်တာသတင်းဌာနက ပြင်းပြင်းထန်ထန်ဝေဖန်လိုက်သည်။

ဇန်နဝါရီ ၂ ရက်နေ့က ဘဂ္ဂဒက်မြို့တော်အနောက်ဖက် ဖော်လူဂျာမြို့တွင် အီရတ်တိုက်ခိုက်ရေးသမားများဟု မှားယွင်းယူဆပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များကရိုက်တာသတင်းထောက်နှစ်ဦးနှင့်၎င်းတို့၏ယာဉ်မောင်းကို ၇၂ နာရီကြာဖမ်းဆီးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ကြေညာချက်တစ်ရပ် ထုတ်ပြန်ဖော်ပြလိုက်သည်။၎င်းတို့အား အမေရိကန်တပ်ဖွဲ့ဝင်များက ပြန်လွှတ်ပြီးနောက် ဖမ်းဆီးထားစဉ် နှိပ်စက်ကြောင်း အခိုင်အမာထောက်ပြလျက် ရိုက်တာသတင်းဌာနက အမေရိကန်စစ်ဘက်သို့ တရားဝင်ကန့်ကွက်တိုင်ကြားလိုက်သည်။

ဝမ်းနည်းဖွယ် ကောင်းသည်မှာ ထူးခြားတိုးတက်မှုမရှိကြောင်း၊ ယင်းကိစ္စများကို လိုအပ်သလို ချက်ချင်းအရေးယူ ဆောင်ရွက်ခြင်းမရှိကြောင်း ကြေညာချက်တွင် ရိုက်တာသတင်းဌာနကဖော်ပြသည်။ အီရတ်ရောက် သတင်းစာဆရာများ၏ လုံခြုံရေးမှာ တိုးတက်မှုမရှိကြောင်း ပြောကြားလိုက်သည်။

အင်တာနက်။

ဘီဘီစီ ညွှန်ကြားရေးမှူးချုပ် ဂရက်ဒိုက် ကြာသပတေးနေ့တွင် ရာထူးမှ နုတ်ထွက်လိုက်ပြီ

လန်ဒန် ဇန်နဝါရီ ၃၀

အီရတ်လက်နက်အရေးကို လူထုပရိသတ် ပိုမိုစိတ်ဝင်စားအောင် ဗြိတိန်အစိုးရက လုပ်ဆောင်ထားသည်ဆိုသော ဘီဘီစီ သတင်းကြေညာချက်ကို ငြင်းပယ်လက်မခံသည့် တရားသူကြီးတစ်ဦး၏ ပယ်ပယ်နယ်နယ် ဝေဖန်မှုကို ဘီဘီစီက တုံ့ပြန်ခုခံနေရစဉ်တွင် ဘီဘီစီ၏ ဒုတိယတာဝန်အရှိဆုံး အရာရှိက ကြာသပတေးနေ့တွင် ရာထူးမှ နုတ်ထွက်သွားသည်။

စုရုံးဆန္ဒပြ

ဘီဘီစီညွှန်ကြားရေးမှူးချုပ် ဂရက်ဒိုက် ရာထူးမှနုတ်ထွက်ခြင်းကို ဘီဘီစီဝန်ထမ်းများ အံ့အားသင့်ကုန်သည်။ ၎င်းအား ထောက်ခံကြောင်း ပြသသည့်အနေဖြင့် နိုင်ငံတစ်ဝန်းရှိ ဘီဘီစီရုံးများမှ ရာပေါင်းများစွာသော ဝန်ထမ်းများက ရုံးပြင်ထွက် စုရုံးဆန္ဒပြကြသည်။ ဒေသဆိုင်ရာ ဘီဘီစီအသံလွှင့်ဌာနတစ်ခုက ကန့်ကွက်သည့်အနေဖြင့် အသံလွှင့်အစီအစဉ်ကို ခေတ္တရပ်ဆိုင်းထားသည်။ ဘီဘီစီအုပ်ချုပ်ရေးအဖွဲ့ အရေးပေါ်အစည်းအဝေး ခေါ်ယူပြီးနောက် ညွှန်ကြားရေးမှူးချုပ် ဂရက်ဒိုက်က ရာထူးမှ နုတ်ထွက်လိုက်ခြင်းဖြစ်သည်။ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဂါဗင်ဒေးဗီးစ်မှာမူ တရားသူကြီး လော့ဒ်ဟတ်တန်က သူ့တွေ့ရှိချက်များကို ကြေညာအပြီး နာရီပိုင်းအတွင်းမှာပင် ဗုဒ္ဓဟူးနေ့က ရာထူးမှ နုတ်ထွက်ခဲ့သည်။

စုံစမ်းရေးအဖွဲ့ကို ဦးဆောင်သည့် အယူခံတရားသူကြီး လော့ဒ်ဟတ်တန်က အစိုးရအနေဖြင့် ဒေးဗစ်ကယ်လီကိုလည်း မနှိပ်စက်၊ အီရတ်လက်နက်သတင်းကို လူအများ ပိုမိုစိတ်ဝင်စားအောင် သိလျက်နှင့် ပုံကြီးချဲ့ခြင်းလည်း မဟုတ်ဆိုကလုံးဝနီးပါးအပြစ်မရှိကြောင်း ထုတ်ဖော်ကြေညာပြီး အင်ဒရူးဂီလ်လီဂန်၏ သတင်းဖော်ပြချက်များမှာ အခြေအမြစ်မရှိကြောင်း ဝေဖန်ပြောကြားလိုက်သည်။ လော့ဒ်ဟတ်တန်သည် ဘီဘီစီ၏ အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်း အားနည်းချက်များကို မီးမောင်းထိုးပြနေသည်ဟု မစ္စတာဒေးဗီးစ်၏ နေရာတွင် ယာယီအစားထိုးခန့်အပ်ခံရသူ ရစ်ချက်ရိုက်ဒါက သုံးသပ်သည်။

အင်တာနက်။

ဇန်နဝါရီ ၂၈ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးမှုမြင်ကွင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

The Mirror

အီရတ်စစ်ပွဲ မှတ်တမ်းများ

အီရတ်စစ်ပွဲကာလအတွင်း အပြစ်မဲ့အရပ်သူအရပ်သား အများအပြား သေကျေ

အီရတ်စစ်ပွဲကာလအတွင်း အပြစ်မဲ့ အရပ်သူအရပ်သား အများအပြား ထိခိုက်သေကျေခဲ့ကြသည်။ အီရတ်စစ်ပွဲ ကာလအတွင်း ၂၀၀၃ ခုနှစ် ဧပြီလအထိ အရပ်သား ၁၂၀၀ ကျော် သေဆုံးရပြီး ၅၁၀၀ကျော် ထိခိုက်ဒဏ်ရာရရှိကြောင်း သတင်းဌာနများက ရေးသား ဖော်ပြခဲ့ကြသည်။ စစ်ပွဲပြီးဆုံးကြောင်း အမေရိကန်က ကြေညာခဲ့သည့် မေလ ၁ရက်နောက်ပိုင်းတွင်လည်း နောက်ဆက်တွဲ ဖြစ်ရပ်များကြောင့် အီရတ်အရပ်သားများ သေကျေဒဏ်ရာရမှုများ ရှိနေဆဲဖြစ်သည်။

အီရတ်စစ်ပွဲကာလအတွင်းအီရတ် တောင်ပိုင်းတွင် အမေရိကန်နှင့် ဗြိတိသျှတပ်များ၏ ကျူးကျော်ဝင်ရောက် တိုက်ခိုက်မှုကြောင့် ထွက်ပြေးလာကြသည့် အီရတ်စစ်ပြေးဒုက္ခသည် မိသားစုများကို တွေ့ရစဉ်။

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်ကို ၂၀၀၃ ခုနှစ် ဧပြီ ၁ ရက်က လေကြောင်းမှ ကျူးကျော်ဝင်ရောက် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အရပ်ဘက် အဆောက်အအုံတစ်လုံး မီးလောင်ပျက်စီးနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-ဆင်ဟွာ)*

မြို့တော် ဘဂ္ဂဒက်ကို ကျူးကျော်တိုက်ခိုက်

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ကို အမေရိကန်နှင့် ဗြိတိသျှတို့၏ စစ်လေယာဉ်များနှင့် အပါချီ စစ်ရဟတ်ယာဉ်များက ၂၀၀၃ခုနှစ် မတ် ၃၁ ရက်တွင် တိုက်ခိုက်ခဲ့သဖြင့် အဆောက်အအုံများ မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

၂၀၀၃ ဒီဇင်ဘာအထိ အီရတ်နိုင်ငံသားများသေဆုံးရမှု

အကြောင်းအရာ	သေဆုံးမှု
လမ်းဘေးဗုံးကွဲခြင်း	၁၄
သေနတ်ကျည်ထိမှန်ခြင်း	၂၈၃
လေကြောင်းမှတိုက်ခိုက်ခြင်း	၁၂၇၁
ကလပ်စတာဗုံးပေါက်ကွဲခြင်း	၂၇၉
ကားဗုံးပေါက်ကွဲခြင်း	၈၉
အခြားဖြစ်စဉ်များ	၇၈၆၅
စုစုပေါင်း	**၉၈၀၁**

အီရတ်စစ်ပွဲ ကာလအတွင်း ဘာဆရာမြို့မှ ရှောင်တိမ်းထွက်ပြေးလာကြသည့် အီရတ်စစ်ပြေးဒုက္ခသည်မိသားစုများကို တွေ့ရစဉ်။ (အပေါ်ပုံ) **အီရတ်စစ်ပွဲကာလတွင် အမေရိကန်၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရခဲ့သည့် အီရတ် မိန်းကလေးငယ်တစ်ဦး ဆေးရုံတစ်ရုံတွင် ဆေးဝါးကုသမှု ခံယူနေစဉ်။** (ယာပုံ) **အပြစ်မဲ့ အီရတ်ပြည်သူတို့ဘက်မှ စာနာမှုရှိကြောင်း ပိုစတာဖြင့် ဘရာဇီးနိုင်ငံတွင် ဆန္ဒပြနေစဉ်။** (ဝဲပုံ) ***(ဓာတ်ပုံ-အင်တာနက်)***

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်

ကချင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း



ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
စိုက်ပျိုးရေးကဏ္ဍ		
စိုက်ပျိုးမြေဧက	၃.၆ သိန်းကျော်	၅.၆ သိန်းကျော်
ဝမ်းစာစပါး	မဖူလုံ	ဖူလုံ
ဆည်တမံ		
ရေလွှဲဆည်	–	၄
မြစ်ရေတင်	–	၂
လမ်းတံတားကဏ္ဍ		
လမ်းမိုင်	၂၁၅၄	၂၆၈၆
တံတား	၂	၈
ဆက်သွယ်ရေးကဏ္ဍ		
စာတိုက်	၆၄	၇၃
ကြေးနန်းရုံ	၂၀	၂၈
တယ်လီဖုန်းအိတ်ချိန်း	၁၂	၃၈
ကျေးလက်ဆက်သွယ်ရေးစခန်း	–	၁၂
ဂြိုဟ်တုစခန်း	–	၅
မိုက်ကရိုဝေ့ဗ်	–	၁၃

နန့်ကောင်းတံတား (မိုးကောင်း)

မိုးကောင်းမြို့နယ်တွင် မကြာမီ ဖွင့်လှစ်တော့မည့် ပေအရှည် ၉၄၅ပေရှိ နန့်ကောင်းတံတား (မိုးကောင်း) တည်ဆောက်နေဆဲ မြင်ကွင်းကို ဇန်နဝါရီ ၁၅ရက်က တွေ့ရစဉ်။

ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု စာတ်ပုံမှတ်တမ်း

မနောကွင်း

ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားရှိ ကချင်ရိုးရာ မနောကွင်း အဝင်မုခ်ဦးကို တင့်တယ်ခမ်းနားစွာ တွေ့ရစဉ်။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
လျှပ်စစ်ဓာတ်အား		
ရေအားလျှပ်စစ်	–	၄
ပြန်ကြားရေးကဏ္ဍ		
ရုပ်/သံထပ်ဆင့်လွှင့်စက်ရုံ	၂	၁၈
ကိုယ်ပွားသတင်းစာတိုက်	–	၁
အခြေခံပညာရေး		
အထက်တန်းကျောင်း	၃၀	၄၃
အလယ်တန်းကျောင်း	၆၈	၈၅
မူလတန်းကျောင်း	၁၀၈၀	၁၁၈၁
အဆင့်မြင့်ပညာရေး		
တက္ကသိုလ်	–	၁
ကောလိပ်	၁	၅
ကျန်းမာရေး		
ဆေးရုံ	၁၄	၁၈
တိုက်နယ်ဆေးရုံ	၁၇	၂၀
ကျေးလက်ကျန်းမာရေးဌာန	၃၅	၅၈
ကျေးလက်ကျန်းမာရေးဌာနခွဲ	၁၈၂	၂၀၆

မိုက်ခရိုဝေ့ဗ် ဆက်သွယ်ရေးစခန်း

မြစ်ကြီးနားမြို့ရှိ မိုက်ခရိုဝေ့ဗ် ဆက်သွယ်ရေးစခန်းကို တွေ့ရစဉ်။

စက်မှုလက်မှုသိပ္ပံ

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်တွင် အကောင်အထည်ဖော်လျက်ရှိသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုလက်မှုသိပ္ပံ ပင်မသုံးထပ်ဆောင်နှင့် ဝဲ–ယာနှစ်ထပ်ဆောင် တည်ဆောက်ရေး လုပ်ငန်းခွင်ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က တွေ့ရစဉ်။



စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့

မြန်မာ့လွတ်လပ်ရေး အောင်ပန်းဆွတ်ခူးရာ၌ မြေပြန့်(ယခု စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်း) ဒေသများချည်းသက်သက် ကွက်မယူဘဲ မြန်မာနိုင်ငံ၏ မူလနယ်နိမိတ်(ဗြိတိသျှတို့ သိမ်းယူခဲ့သော ကုန်းဘောင်ခေတ် တတိယမြန်မာနိုင်ငံတော်)တစ်ခုလုံး (တောင်တန်း မြေပြန့်အားလုံး) လွတ်လပ်ရေးယူရန် မြန်မာတို့ ဗြိတိသျှတို့နှင့် လွန်ဆွဲခဲ့ကြရသည်။ ယင်းလွန်ပွဲတွင် မြန်မာတို့ အနိုင်ရခဲ့သည်။ ပင်လုံညီလာခံ၏ ကျေးဇူးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုခွန်အားက ပိုမို ကြံ့ခိုင်သန်စွမ်းသောကြောင့်ဖြစ်သည်။

ဘိလပ်တွင် မြန်မာ့လွတ်လပ်ရေး ဆွေးနွေးရာမှပြန်ရောက်လာသော ဖဆပလခေါင်းဆောင်ကြီးများ နိုင်ငံအနှံ့ မြေပြန့်၊ တောင်တန်းမကျန် စည်းရုံးရေးဆင်းခဲ့ကြသည်။ တိုင်းရင်းသားတို့၏ လွတ်လပ်ရေးအပေါ် တစ်ထပ်တည်းကျသော သဘောဆန္ဒများ ရယူနိုင်ခဲ့သည်။ ထိုဆန္ဒမွန်များကို စုစည်းပြသရန် ပင်လုံညီလာခံကျင်းပခဲ့သည်။ ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်ခရိုင်အတွင်းရှိ ပင်လုံမြို့ကလေးတွင် ကျင်းပသော တိုင်းရင်းသားပေါင်းစုံ ကိုယ်စားလှယ်ကြီးများ၏ ညီလာခံကို ပင်လုံညီလာခံဟု ဂုဏ်တင်သုံးနှုန်းခဲ့ကြသည်။

ပင်လုံညီလာခံကို နှစ်ကြိမ် ကျင်းပခဲ့သည်။ ပထမ ပင်လုံညီလာခံကို ၁၉၄၆ ခုနှစ် မတ်လ ၁ ရက်မှ ၁၂ ရက်နေ့အထိ ကျင်းပခဲ့သည်။ ရှမ်း၊ ကချင်၊ ချင်း၊ ကယား တိုင်းရင်းသားခေါင်းဆောင်များနှင့် ဖဆပလ ခေါင်းဆောင်များ၊ အခြားနိုင်ငံရေး ခေါင်းဆောင်များ တက်ရောက်ကြသည်။ ပထမ ပင်လုံညီလာခံတွင် တက်ရောက်သူ အချင်းချင်း ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု တည်ဆောက်နိုင်ကြသည်။ နောင်နှစ်တွင် ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် တွေ့ဆုံဆွေးနွေးပြီး မိမိတို့နိုင်ငံ အနာဂတ်ကောင်းအတွက် အဖြေရှာကြရန် သဘောထားချင်း ညီမျှခဲ့ကြသည်။

ဒုတိယ ပင်လုံညီလာခံဖြစ်သည့် ပိုမိုလေးနက်ကျယ်ပြန့်သော ပင်လုံညီလာခံကြီးကို ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့မှ စတင်ကျင်းပကာ ၁၂ရက်နေ့တွင် ပင်လုံ သဘောတူညီချက် (စာချုပ်)ကြီးကို တိုင်းရင်းသားခေါင်းဆောင်များ ပါဝင်လက်မှတ်ရေးထိုးကြသည်။ ၁၃ ရက်နေ့တွင် ညီလာခံ နှုတ်ခမ်းသတ်လိုက်သည်။

ယင်း ပင်လုံညီလာခံကြီးသို့ ဗြိတိသျှ တောင်တန်းဒေသဆိုင်ရာ မဟာမင်းကြီးစတီဗင်ဆင်၊ ဗြိတိသျှ လန်ဒန်အစိုးရ၏ ကိုလိုနီဆိုင်ရာ အတွင်းဝန် ဘော့တွမ်(မ်)လေတို့လည်း အကဲခတ် လေ့လာရန် လာရောက်ကြသည်။ စတီဗင်ဆင် သည် ညီလာခံရက်များအတွင်း တိုင်းရင်းသားများ (အထူးသဖြင့် ရှမ်းစော်ဘွားများ)အား ပြည်မနှင့်အတူ လွတ်လပ်ရေးမယူဘဲ ဒိုမီနီယံအဆင့်ဖြင့် ချန်နေရစ်ရန် သွေးဆောင်ဆဲဖြစ်သည်။ ဗမာနှင့်အတူ လွတ်လပ်ရေးယူလျှင် ဆင်းရဲမည်။ မိမိတို့(ဗြိတိသျှ)တို့နှင့်အတူ ဆက်နေလျှင် ငွေကုဋေပေါင်း မည်ရွေ့မည်မျှ ထောက်ပံ့ထားမည်၊ ကုန်းတွင်းပိတ်(Land Locked) ဒေသများ လမ်းပန်းဆက်သွယ်ရေးအတွက် မပူနှင့်၊ မိမိတို့က လမ်းများ ဖောက်ပေးပြီး အိမ်နီးချင်းနိုင်ငံများကိုဖြတ်ကာ ပြင်ပနှင့်ဆက်သွယ်နိုင်မည်၊ ဗမာကို မယုံကြလေနှင့်ဟု တွင်တွင်ပြော၍ ဆွဲဆောင်သည်။ သွေးခွဲသည်။ သပ်လျှိုသည်။

ညီလာခံအကြိုကာလ နှုတ်ဆက်ညှိခံပွဲကျင်းပရာ၌ ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်စန်မြို့နယ် (ပလောင်ဒေသ)မှ တောင်ပိုင်စော်ဘွားကြီး စဝ်ခွန်ပန်းစိန်က အများယုံကြည်လေးစားသော သက်ကြီးဝါကြီး ပုဂ္ဂိုလ်ပီပီ သဘာပတိအဖြစ်ဆောင်ရွက်သည်။ ဖဆပလခေါင်းဆောင်က "ဗမာတွေ အနေနဲ့ ယခု ၁၉၄၇ ခုနှစ် အကုန် နောက်နှစ် ၁၉၄၈ ခုနှစ်ဆန်းတွင် လွတ်လပ်ရေးယူတော့မည်၊ တိုင်းရင်း သားများကို ဗမာနဲ့အတူတူယူပါဟု အတင်းအကျပ် မတိုက်တွန်းပါ၊ မယူပါနဲ့ဟု မတားပါ၊ တိုင်းရင်းသားများ စိတ်တိုင်းကျဆုံးဖြတ်ပါ"ဟု ပြောခဲ့သည်။

တောင်ပိုင်စော်ဘွားကြီး စဝ်ခွန်ပန်းစိန်က "ယခုလို ပွင့်ပွင့်လင်းလင်း ပြောတဲ့အတွက် ဝမ်းသာပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်၊ ကျွန်တော်တို့လည်း တိုင်းတစ်ပါးသားလက်အောက်မှာကြာရှည်ဖိနှိပ်ခံပြီး မနေလိုပါ၊ ပြည်မနဲ့အတူတူ လွတ်လပ်ရေးယူကြမှာပါ"ဟု ပြန်ကြားခဲ့သည်။ နယ်ချဲ့သမားက ညီလာခံတစ်လျှောက် မည်သို့သွေးခွဲသပ်လျှိုဟန့်တားနေသည်ဖြစ်စေ၊ ညီလာခံ၏ အဖြေ သို့မဟုတ် တိုင်းရင်းသားတို့၏ ဆန္ဒအဖြေမှာ ထိုအကြိုညှိခံပွဲမှာကတည်းက ထင်ရှားပေါ်လွင်နေခဲ့ပြီး ဖြစ်ပါသည်။

နယ်ချဲ့သမားတို့ ဝင်နှောက်နေသည်ကို နားဝင်လိုသူအချို့ရှိလာသည်။ ဤသည်ကို သိရှိနေကြသော ရှမ်းတိုင်းရင်းသား ပြည်သူများက ပင်လုံအနီးတွင် စုဝေးပြီး မိမိတို့ ပြည်သူ့ဆန္ဒကိုဖော်ပြကာ ဤသို့ ကြွေးကြော်ခဲ့ကြသည်။

ပင်လုံစာချုပ်ကြီးကို တညီတညွတ် လက်မှတ်ရေးထိုးလိုက်ကြသည်။ ပြည်ထောင်စုကြီး တစ်ခုလုံး၏ လွတ်လပ်ရေးကို သဘောတူကြခြင်းဖြစ်သကဲ့သို့ တိုင်းရင်းသားဒေသများ၏ တင်ပြချက်များကိုလည်း ဖဆပလခေါင်းဆောင်များက လိုက်လျော ဖြည့်ဆည်းပေးခဲ့သည်ကို ပင်လုံညီလာခံ မှတ်တမ်းများအရ သိရှိရပေသည်။

ပင်လုံစာချုပ်တွင် ပါဝင် လက်မှတ်ရေးထိုးကြသော တိုင်းရင်းသား ခေါင်းဆောင် ၂၃ဦးမှာ

၁။ စဝ်ခွန်ပန်းစိန် (တောင်ပိုင်စဝ်ဖလုံ)
၂။ စဝ်ရွှေသိုက် (ညောင်ရွှေစဝ်ဖလုံ)

၁၀။ဦးထွန်းမြင့်(လူ
၁၁။စဝ်ယိပ်ဖ(လူ
၁၂။ဦးခွန်ထီး(လူ
၁၃။ဦးကြာပု(လူ
၁၄။ဦးခွန်စော(လူ
၁၅။ဆမားဒူးဝါးဆ
၁၆။ဒူးဝါးဇော်ရစ်
၁၇။ဦးဒိန်ရတန် (
၁၈။ဦးဇော်လ (ဗ
၁၉။ဒူးဝါးဇော်လွ
၂၀။ဦးလဇန်ဂရော
၂၁။ဦးလွှာမုန်း (

(၅၇)နှစ်မြောက် ပြည်ထောင်စု

ပြည်ထောင်စုစိတ်ဓာတ် သို့မဟုတ်

"ရှမ်း–ဗမာ ပူးပေါင်းပါ"

"လွတ်လပ်ရေး–ချက်ချင်းပေး"

"နယ်ချဲ့အလိုမရှိ"

မည်သို့ပင် နယ်ချဲ့က နှောက်သည်ဖြစ်စေ အမြော်အမြင်ကြီးမားပြီး လွတ်လပ်ရေးကိုမြတ်နိုးသော တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်

၃။ စဝ်ဟုံဖ (မြောက်သိန္နီစဝ်ဖလုံ)
၄။ စဝ်နွံ (လဲချားစဝ်ဖလုံ)
၅။ စဝ်စံထွန်း (မိုင်းပွန်စဝ်ဖလုံ)
၆။ စဝ်ထွန်းအေး (သာမိုင်းခမ်းစဝ်ဖလုံ)
၇။ ဦးဖြူ (သထုံမြို့ကိုယ်စားလှယ်)
၈။ ဦးခွန်ပန်း (လူထုကိုယ်စားလှယ်–ရှမ်း)
၉။ ဦးတင်ဧ (လူထုကိုယ်စားလှယ်–ရှမ်း)

ကုန်းဘောင်ခေတ် မြန်မာနိုင်ငံမြေပုံ။



၂၂။ ဦးသောင်ဇာခု
၂၃။ ဦးကွယ်မန်း

တိုင်းရင်းသား ခေ
ပါဝင်လက်မှတ်ရေးထိုးလ
ရက်နေ့မှာပင် "ပင်လုံစာ
ချုပ်ဆိုလိုက်ပြီဟူသော"
ကြေညာအသိပေးရန် ညီ
ရုံးမှ ကြေးနန်းရိုက်ပြီး

ပင်လုံညီလာခံ အော
ပွဲများကို တောင်ပေါ်၊
ကျင်းပခဲ့သည်။ တော
အဝေးကြီးက အောက်
ဆုံးဖြတ်အတည်ပြု ထု

"ပင်လုံညီလာခံ၌
ဗမာတို့သည် အတူတ
လွတ်လပ်သော တိုင်းပြ
နိုင်ရန် အတူတကွ ပူ
သဘောတူ လက်မှတ်
ထို့ကြောင့်ပင် ပင်လုံ
တောင်တန်းရာဇဝင်၊ မြန်
ကမ္ဘာ့ရာဇဝင်မှာပင် ပေ
အမှတ်ပြုခြင်းကို ခံယူ

ထို့ကြောင့် နော
ဂုဏ်ယူဖွယ်ဖြစ်စေခြင်း
ကျောက်တိုင် တည်ဆေ
သည်။

ပင်လုံတွင် ဆောင်
သည် ရှမ်းပြည်နယ်အ
မြန်မာတစ်ပြည်လုံးအတ
အကျိုးကျေးဇူး ဖြစ်ထွ
ရေးရှုနေသည်ဟု ယုံ
ကြသည်။ ယင်းဆောင်
လူထုက ကျကျနနဝေဖ
ထောက်ခံကြရန်နှင့် စိတ်
အားတိုက် ပူးပေါင်
တိုက်တွန်းလိုသည်။ ညီ
ဆောင်ရွက်ကြလျှင် လွ
မည်ဟု ယုံကြည်သည
ညီညွတ်စွာ ကြိုးမ်းကြ

၁၀။ဦးထွန်းမြင့်(လူထုကိုယ်စားလှယ်-ရှမ်း)
၁၁။စဝ်ယိပ်ဖ(လူထုကိုယ်စားလှယ်-ရှမ်း)
၁၂။ဦးခွန်ထီး(လူထုကိုယ်စားလှယ်-ရှမ်း)
၁၃။ဦးကြာပု(လူထုကိုယ်စားလှယ်-ရှမ်း)
၁၄။ဦးခွန်စော(လူထုကိုယ်စားလှယ်-ရှမ်း)
၁၅။ဆမားဒူးဝါးဆင်ဝါးနော(မြစ်ကြီးနား)
၁၆။ဒူးဝါးဇော်ရစ် (မြစ်ကြီးနား)
၁၇။ဦးဒိန်ရတန် (မြစ်ကြီးနား)
၁၈။ဦးဇော်လ (ဗန်းမော်)
၁၉။ဒူးဝါးဇော်လွန်း (ဗန်းမော်)
၂၀။ဦးလဗန်ဂရောင်း (ဗန်းမော်)
၂၁။ဦးလွှာမုန်း (ဖလမ်း)

ပင်လုံညီလာခံ၏ အောင်မြင်မှု၊ စည်းလုံးညီညွတ်မှုသည် နယ်ချဲ့သမားများကို အံ့အားသင့်စေခဲ့သည်။ တုန်လှုပ်စေခဲ့သည်။ မိမိတို့ နှစ်ပေါင်း ၁၀၀ တိုင်တိုင် သွေးခွဲထားခဲ့သော မြန်မာတိုင်းရင်းသားများ စည်းလုံးညီညွတ်စွာ လွတ်လပ်သော မြန်မာပြည်ထောင်စုကြီး တည်ထောင်မည့် ပင်လုံသန္နိဋ္ဌာန်ကို စိတ်မသက်မသာ လက်မှိုင်ချနေခဲ့ရသည်။

နယ်ချဲ့ဗြိတိသျှတို့က လျှော့တော့ မလျှော့ကြသေး။ ဗြိတိန်မှ အာဏာရလေဘာပါတီဝင်အမတ် ရီးစ်ဝီလျံကို စုံစမ်းရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်ကာ မြန်မာနိုင်ငံမှ တိုင်းရင်းသားတို့အကြား

ပူးပေါင်းရေး ကျောက်တိုင်

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာချုပ်ဆိုခဲ့သည့် အထိမ်းအမှတ်အဖြစ် စိုက်ထူခဲ့သော တောင်တန်းပြည်မ ပူးပေါင်းရေး စာချုပ်ကျောက်တိုင်။

ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

သို့မဟုတ် ပင်လုံစိတ်ဓာတ်

တက္ကသိုလ်မြတ်သူ

၂၂။ဦးသောင်ဇာခုပ် (တီးတိန်)
၂၃။ဦးကွယ်မန်း (ဟားခါး)

တိုင်းရင်းသား ခေါင်းဆောင်ကြီး ၂၃ ဦးပါဝင်လက်မှတ်ရေးထိုးလိုက်သော ၁၂-၂-၁၉၄၇ ရက်နေ့မှာပင် "ပင်လုံစာချုပ်ကြီး အောင်မြင်စွာချုပ်ဆိုလိုက်ပြီဟူသော" သတင်းကို တိုင်းပြည်သို့ ကြေညာအသိပေးရန် ညီလာခံ အထူးကြေးနန်းရုံးမှ ကြေးနန်းရိုက်ပြီး သတင်းဖြန့်ချိကြသည်။

ပင်လုံညီလာခံ အောင်မြင်မှု လူထုထောက်ခံပွဲများကို တောင်ပေါ်၊ မြေပြန့် နေရာအနှံ့တွင် ကျင်းပခဲ့သည်။ တောင်ကြီးမြို့ လူထုအစည်းအဝေးကြီးက အောက်ပါကြေညာချက်တစ်ရပ် ဆုံးဖြတ်အတည်ပြု ထုတ်ပြန်ခဲ့သည်။

"ပင်လုံညီလာခံ၌ ရှမ်း၊ ချင်း၊ ကချင်၊ ဗမာတို့သည် အတူတကွ စည်းလုံးမိကြပြီး လွတ်လပ်သော တိုင်းပြည်တစ်ပြည်အဖြစ် ဖန်တီးနိုင်ရန် အတူတကွ ပူးတွဲဆောင်ရွက်သွားရန် သဘောတူ လက်မှတ် ရေးထိုးခဲ့ကြသည်။ ထို့ကြောင့်ပင် ပင်လုံသည် ရှမ်းရာဇဝင်၊ တောင်တန်းရာဇဝင်၊ မြန်မာ့ရာဇဝင်တွင်သာမက ကမ္ဘာ့ရာဇဝင်မှာပင် ပေါ်လွင်ထင်ရှားစွာ အသိအမှတ်ပြုခြင်းကို ခံယူရရှိလိမ့်မည်ဖြစ်သည်။

ထို့ကြောင့် နောင်လာ နောက်သားများ ဂုဏ်ယူဖွယ်ဖြစ်စေခြင်းငှာ ပင်လုံအောင်မြေ၌ ကျောက်တိုင် တည်ဆောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ပင်လုံတွင် ဆောင်ရွက်ခဲ့သော ကိစ္စအဝဝသည် ရှမ်းပြည်နယ်အတွက် လည်းကောင်း၊ မြန်မာတစ်ပြည်လုံးအတွက် လည်းကောင်း အကျိုးကျေးဇူး ဖြစ်ထွန်းပြီး လွတ်လပ်ရေးသို့ ရှေးရှုနေသည်ဟု ယုံကြည်၍ ဆောင်ရွက်ခဲ့ကြသည်။ ယင်းဆောင်ရွက်ချက်များကို ပြည်သူလူထုက ကျကျနနဝေဖန်ပြီး ထောက်ခံသင့်လျှင် ထောက်ခံကြရန်နှင့် စိတ်ရောကိုယ်ပါ အင်တိုက်အားတိုက် ပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုသည်။ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြလျှင် လွတ်လပ်တိုးတက် ကြီးပွားမည်ဟု ယုံကြည်သည်။ ထို့ကြောင့် စည်းလုံးညီညွတ်စွာ ကြိုးပမ်းကြရန်လိုပါသည်။"

လက်မှတ်ရေးထိုး

တောင်တန်းပြည်မ ပူးပေါင်း၍ လွတ်လပ်ရေး အရယူရန် ပင်လုံစာချုပ်ကြီးတွင် သဘောတူလက်မှတ် ရေးထိုးနေသော တိုင်းရင်းသားကိုယ်စားလှယ်တစ်ဦး။

ပင်လုံညီလာခံကို သဘောမတူ ကန့်ကွက်သူများ ရှိနိုင်သေးသည်ဟု ယူဆပြီး တိုင်းရင်းသားတို့ နေထိုင်ရာဒေသများသို့ ဆန္ဒကောက်သင်းကောက်ခရီးလှည့်ခဲ့သည်။ ယင်းကော်မရှင်တွင် ဖဆပလ ထိပ်တန်းကိုယ်စားလှယ်လေးဦး၊ တောင်တန်းကိုယ်စားလှယ်များအဖြစ် မိုင်းပွန်စော်ဘွား စဝ်စံထွန်း(ရှမ်း)၊ ဆမားဒူးဝါးဆင်ဝါးနော (ကချင်)၊ ဦးဝမ်ကိုဟော(ချင်း)၊ စောစံကေး (ကေအင်န်ယူအဖွဲ့ဝင်-ကရင်) တို့ ပါဝင်ကြသည်။

ရီးစ်ဝီလျံကော်မရှင်သည် တိုင်းရင်းသားတို့ နေထိုင်ရာဒေသများသို့ သွားရောက်ကာ တိုင်းရင်းသားများကို တွေ့ဆုံမေးမြန်း စုံစမ်းကြသည်။ အခါများစွာ၌ ဗြိတိသျှတို့လိုလားသည့် အဖြေရရှိရန် ရေလာမြောင်းပေးမေးခွန်းများ မေးကြသည်။ သို့သော် တွေ့ရလေသမျှ တိုင်းရင်းသားများ၏ ဖြေကြားချက်မှာ ဒေသတစ်ခုနှင့်တစ်ခု မည်မျှကွာဝေးကွာဝေး အဖြေကား မဝေးပေ။ တစ်ခုတည်းသော အဖြေကိုသာ ဤသို့ပေးခဲ့ကြသည်။

"ပြည်မနှင့်ပူးပေါင်းပြီး မိမိတို့ တိုင်းရင်းသားများလည်း တစ်ပြိုင်နက်တည်း လွတ်လပ်ရေး ယူမည်"

ရီးစ်ဝီလျံကော်မရှင်၏ တွေ့ရှိချက်များသည် **ပင်လုံစိတ်ဓာတ်** လွှမ်းနေသော တစ်မြေပေါ် အတူဖွား ပြည်ထောင်စုသား သွေးချင်းများ၏ လွတ်လပ်ရေး အတူယူမည်၊ လွတ်လပ်သော မြန်မာပြည်ထောင်စုကြီး တည်ထောင်မည် ဟူသည့် ထက်ထက်သန်သန် ဖြေကြားမှုကြောင့် ဗြိတိသျှတို့၏ မြန်မာနိုင်ငံကို အပိုင်းပိုင်းခွဲခြမ်းရေးအကြံဆိုး မအောင်မမြင်ဖြစ်ခဲ့ရသည်။ နယ်ချဲ့တို့ကား မြန်မာတိုင်းရင်းသားတို့ ကျွန်သက်ရှည်စေရန်အတွက် သွေးခွဲအုပ်ချုပ်ရေးစနစ် ကျင့်သုံးခဲ့သည်။ ထို့မျှမက လွတ်လပ်ရေးပေးရခါနီးတွင်လည်း အချင်းချင်း သံသယဝင်စေရန် နယ်ချဲ့တို့ လုပ်ကြံဖန်တီးခဲ့သည်။ သွေးခွဲသည့် လုပ်ရပ်များအား ပြည်ထောင်စုစိတ်ဓာတ် သို့မဟုတ် ပင်လုံစိတ်ဓာတ်ဖြင့် ကျော်ဖြတ်နိုင်ခဲ့သည့် အစဉ်အလာကောင်းကို မျက်မှောက်ကာလတွင် ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရမည်ဖြစ်ပေသည်။ ။

ပင်လုံညီလာခံ၌ ရှမ်း၊ ချင်း၊ ကချင်၊ ဗမာတို့သည် အတူတကွ စည်းလုံးမိကြပြီး လွတ်လပ်သော တိုင်းပြည်တစ်ပြည်အဖြစ် ဖန်တီးနိုင်ရန် အတူတကွ ပူးတွဲ ဆောင်ရွက်သွားရန် သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့ကြောင့်ပင် ပင်လုံသည် ရှမ်းရာဇဝင်၊ တောင်တန်းရာဇဝင်၊ မြန်မာ့ရာဇဝင်တွင်သာမက ကမ္ဘာ့ရာဇဝင်မှာပင် ပေါ်လွင်ထင်ရှားစွာ အသိအမှတ်ပြုခြင်းကို ခံယူရရှိလိမ့်မည် ဖြစ်သည်။

ထို့ကြောင့် နောင်လာ နောက်သားများ ဂုဏ်ယူဖွယ် ဖြစ်စေခြင်းငှာ ပင်လုံ အောင်မြေ၌ ကျောက်တိုင်တည်ဆောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ဩဝါဒပါတိမောက်အခါတော်နေ့ပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ်တွင် တပို့တွဲလပြည့် ဩဝါဒပါတိမောက်အခါတော်နေ့ ပူဇော်ပွဲနှင့် (၃၂)ကြိမ်မြောက် နှမ်းမနဲပွဲတော်ကို ဖေဖော်ဝါရီ ၅ရက်(ကြာသပတေးနေ့)တွင် ကျင်းပ၍ မွန်းလွဲ ၁နာရီတွင် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိပိဋကရေ အဂ္ဂမဟာပဏ္ဍိတ သ၊စ၊အ၊ပါဠိပါရဂူ အဂ္ဂမဟာကျော်အရှင်သိရိန္ဒာဘိဝံသ (ယော)ဆရာတော်က ဩဝါဒပါတိမောက်အခါတော်နေ့အကြောင်း ဟောပြောမည်ဟုသိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြင်ဦးလွင်မြို့နယ်ရှိ ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတကာမျက်နှာစာတွင် တန်းတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေး ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးစွာ လက်တွဲကြိုးပမ်းနေ

❒ **ရှေ့ဖုံးမှ**

သင်တန်းဆင်းအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်– တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအတွက် နိုင်ငံတော်အစိုးရက အထူးအလေးထား စီစဉ်ဖွင့်လှစ်ပေးခဲ့သည့် အထူးမွမ်းမံသင်တန်းတစ်ရပ် အောင်မြင်ပြီးဆုံးခဲ့ပြီ ဖြစ်ကြောင်း။

စွဲမြဲစွာ ခံစားသိမြင်

တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများသည် အသိပညာဉာဏ်စွမ်းအားမြင့်မားသော ပညာရှင်များဖြစ်ကြသည့်အားလျော်စွာ ထဲထဲဝင်ဝင်၊ နက်နက်ရှိုင်းရှိုင်း စူးစမ်းလေ့လာတတ်သော အလေ့အကျင့်၊ မှန်ကန်စွာတွေးခေါ်မြော်မြင်သုံးသပ်နိုင်သည့်စွမ်းအား၊ အရင်းအမြစ်အနှစ်သာရကို ထိုးထွင်းသိမြင်ဆင်ခြင်နိုင်သည့်စွမ်းရည်တို့နှင့် ပြည့်ဝကြပြီးဖြစ်သည့်အတွက် သင်တန်းကာလတစ်လျှောက်မှာ နိုင်ငံတော်၏ ပကတိအခြေအနေမှန်များကို ပြက်ပြက်ထင်ထင် ဆင်ခြင်သိမြင်လာသည်နှင့်အမျှ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွား စောင့်ရှောက်မြှင့်တင်ပေးနိုင်သည့် ပုဂ္ဂိုလ်များဖြစ်သည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း၊ အမျိုးသားရေးအသိစိတ်ဓာတ်နှင့်တကွ အမျိုးသားရေးသန္နိဋ္ဌာန်၊ အမျိုးသားရေးအားမာန်တို့သည် ဆရာ၊ ဆရာမတို့၏ သတိသမ္ပဇဉ်တရားမှာသာမက ရင်ထဲနှလုံးသားထဲသို့တိုင် စွဲမြဲစွာခံစားသိမြင်နိုင်ကြလိမ့်မည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် လွတ်လပ်သောအချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မြဲမြဲ ရပ်တည်နိုင်စေရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခက်အခဲ အကျပ်အတည်းမျိုးစုံကို ရင်ဆိုင်ကျော်လွှားရင်း ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နေရသည့် အချိန်အခါဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို နောက်ကျကျန်နေစေခဲ့သည့် သမိုင်း၏ဆိုးမွေဒဏ်ရာဒဏ်ချက်တွေ၊ အနိဋ္ဌာရုံဖြစ်ရပ်တွေ မြန်မာ့မြေပေါ်က အပြီးတိုင်ပပျောက်သွားစေရန်နှင့် ဤသမိုင်း၏ဆိုးမွေများ၊ အနိဋ္ဌာရုံဖြစ်ရပ်များ အနာဂတ်ကာလမှာ ပြန်လည်ပေါ်ပေါက်မလာစေရအောင် အာမခံနိုင်မည့် တည်ငြိမ်ခိုင်မာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းတွေ အခြေခိုင်ခိုင်စွာဖြစ်တည်ပေါ်ထွန်းလာစေရန်အတွက် အနှောင့်အယှက်အဟန့်အတားများစွာ၏ကြားက တစ်မျိုးသားလုံး အားထုတ်ကြိုးပမ်း ဆောင်ရွက်နေကြချိန်လည်းဖြစ်ကြောင်း။

ပြည်ထောင်စုကြီးမပြိုမကွဲ တည်တံ့ခိုင်မြဲစေရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားဖြစ်ထွန်းခိုင်မာစေမည့် စိတ်ဓာတ်ရေးရာအခြေခံတွေ၊ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံတွေ၊ အမျိုးသားရေးစီးပွားရေးဘဝ တောင့်တင်းခိုင်မာစေရေးအတွက် စီးပွားရေးဆိုင်ရာအခြေခံအဆောက်အအုံတွေ၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားစေရေးအတွက် ပညာရေး၊ ကျန်းမာရေးဆိုင်ရာအခြေခံတွေ စသည့် အမျိုးသားရေးစွမ်းအားတည်ဆောက်မှု အစီအမံများသည် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်နေသော်ငြားလည်း ပြီးပြည့်စုံသည်မရှိသေးဘဲ ဆက်လက်ကြိုးပမ်းဆောင်ရွက်ဖွယ်ရာတွေ မကုန်နိုင်မခန်းနိုင်အောင် ရှိနေဆဲပဲဖြစ်ကြောင်း။

ယနေ့ နိုင်ငံတကာအခြေအနေကိုကြည့်လျှင်လည်း နိုင်ငံတိုင်းနိုင်ငံတိုင်းသည် မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေးအတွက် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်နေကြသည့် အခြေအနေကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ထိုသို့အခြေအနေအချိန်အခါမျိုးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်လို ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံအဖို့ မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးစီးပွားမထိခိုက်စေရေးနှင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်စေရေးတို့အတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်ရာတွင် အဓိကအားထားရမည့် အရည်အသွေးပြည့်ဝထက်မြက်သော အမျိုးသားရေးစွမ်းအားစုများကို အခိုင်အမာတည်ဆောက်ထားနိုင်ရန် အထူးလိုအပ်လျက်ရှိနေပြီဖြစ်ကြောင်း။

အထူးသဖြင့်ပညာရေးသည် နိုင်ငံတော်၏ အခြေခံအကျဆုံးသော၊ အခိုင်မာဆုံးသော စွမ်းအားဖြစ်နေသည့် ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်လို ကိုယ့်အားကိုယ်ကိုးကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံအတွက် ပဓာနအကျဆုံး လိုအပ်ချက်တွေဖြစ်သည့် အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး၊ ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍစုံမှာ ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များတိုးတက်ဖြစ်ထွန်းရေး၊ ထူးချွန်ထက်မြက်ပြီးအမျိုးသားရေးအမြင် ကြည်လင်ထက်သန်သည့် အသိပညာရှင်အတတ်ပညာရှင်များ တိုးပွားပေါ်ထွန်းရေး၊ အမျိုးသားကာကွယ်ရေးစွမ်းအားမြင့်မားရေး၊ အမျိုးသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာရေးဆိုသည့် အမျိုးသားရေး ကိုယ်ခံစွမ်းအားတွေကို ပညာရေးကဏ္ဍကနေ ဖော်ဆောင်တည်ဆောက်ပေးကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေနှင့် မိမိတို့၏ လွတ်လပ်သော အချုပ်အခြာ အာဏာပိုင်နိုင်ငံတော်ကို တည့်မတ်ခိုင်မာစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် မိမိနိုင်ငံအတွင်း အမျိုးသားရေးစွမ်းအားကို အခိုင်အမာတည်ဆောက်လျက်ရှိသည့်နည်းတူ နိုင်ငံတကာမျက်နှာစာမှာလည်း တန်းတူညီမျှရေး၊ ငြိမ်းချမ်းသာယာရေး၊ စည်ပင်ဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချစ်ကြည်ရင်းနှီးစွာ အတူလက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အရှေ့တောင်အာရှနှင့် တောင်အာရှဒေသများကို ဆက်သွယ်ပေးသည့် အချက်အချာဒေသဖြစ်သည့်အတွက် ဒေသတွင်းနိုင်ငံများနှင့်ဆက်သွယ်ဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့မြှင့်လာနိုင်သည်နှင့်အမျှ မိမိနိုင်ငံအတွက်ရော၊ ဒေသတွင်းနိုင်ငံများအတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

အာဆီယံအသင်းကြီးသည် ခရစ်နှစ် ၂၀၂၀မှာပေါ်ထွန်းလာမည့်အနာဂတ် အာဆီယံအသင်းကြီးအတွက် မျှော်မှန်းချက်ဖြစ်သည့် ASEAN Vision 2020ကို ၁၉၉၇ခုနှစ်မှာချမှတ်ခဲ့ပြီး ၁၉၉၈ခုနှစ်မှာ ထိုမျှော်မှန်းချက် အကောင်အထည်ဖော်ရေးအတွက် ဟနွိုင်းရှေ့လုပ်ငန်းစဉ်စီမံချက် Hanoi Plan of Action ကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

အာဆီယံအသင်းကြီးအနေနှင့် စီးပွားရေးပေါင်းစည်းမှုကို ရည်မှန်းခဲ့သည့်အတွက် အဓိကလုပ်ငန်းများအနေနှင့် အာဆီယံလွတ်လပ်စွာ ကုန်သွယ်မှုနယ်မြေ (ASEAN Free Trade Area) တည်ထောင်ရေး၊ အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသ ASEAN Investment Area (AIA) ထူထောင်ရေး။

ထို့အပြင် အာဆီယံနိုင်ငံများအကြား ဘဏ္ဍာရေးလုပ်ငန်းစဉ်များ ဆီလျော်ညီညွတ်စေရန်၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းပပျောက်စေရန်၊ IT နည်းပညာအသုံးပြုရေးအပါအဝင် နည်းပညာကွာဟချက် ကျဉ်းမြောင်းပပျောက်စေရန် ညှိနှိုင်းပေါင်းစပ် ထိန်းညှိဆောင်ရွက်သွားဖွယ်ရာတွေ များစွာရှိနေသေးကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့ပေါင်းစပ်ယှဉ်တွဲမြှင့်တင်သွားရမည့် အစီအမံတွေလည်း များစွာရှိကြောင်း။

ယခုထပ်မံပြီး ၂၀၀၃ခုနှစ် အောက်တိုဘာလက အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ကျင်းပသည့် နဝမအကြိမ်မြောက် အာဆီယံ ထိပ်သီးညီလာခံမှာ အာဆီယံအဖွဲ့ကြီး၏ ရေရှည်မျှော်မှန်းချက်နှင့် လုပ်ငန်းစဉ်များဖြစ်သည့် ဘာလီ Concord II ကိုချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

ထိုဘာလီ Concord II သည် လုံခြုံရေးအသိုက်အဝန်း၊ စီးပွားရေးအသိုက်အဝန်းနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုသည့် အဓိကမဏ္ဍိုင်(Pillars) သုံးရပ်အပေါ်တွင်အခြေခံပြီး အာဆီယံအသင်းကြီး၏ အနာဂတ်အတွက် မျှော်မှန်းရေးဆွဲထားခြင်းဖြစ်ကြောင်း။

ထို့အပြင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းလေးနိုင်ငံတို့အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာချမှတ်ရေးအတွက် ထိပ်သီးညီလာခံတစ်ရပ်ကို နိုဝင်ဘာလတုန်းက ပုဂံမြို့၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ထိုသို့အာဆီယံမိသားစုဝင် နိုင်ငံအချင်းချင်းသာမက အာဆီယံ(+)၃ခေါ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့နှင့်လည်း ဆက်သွယ်ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အာဆီယံ+အိန္ဒိယဆိုပြီး ထပ်မံတိုးချဲ့ ဆက်ဆံမှုများလည်း ကဏ္ဍသစ်ဖွင့်လှစ်လာသည်ကိုတွေ့ရကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံအသင်းဝင်နိုင်ငံဖြစ်သကဲ့သို့ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံများနှင့် ဖွဲ့စည်းထားသည့် ဘင်းမ်စတက်အဖွဲ့မှာလည်း အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် ဘင်းမ်စတက်ဒေသနှင့် အာဆီယံဒေသတို့၏ ဆက်စပ်ရာ အချက်အခြာဒေသမှာရှိနေသည့် မြန်မာနိုင်ငံကို ဖြတ်သန်းပြီး အဖွဲ့အစည်းနှစ်ခုအကြား လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာစေရန် အလေးထားကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် အာဆီယံမိသားစုဝင် နိုင်ငံအနေနှင့်သော်လည်းကောင်း၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအနေနှင့်သော်လည်းကောင်း အာဆီယံအသင်းကြီး၏ ရည်မှန်းချက်များ၊ မျှော်မှန်းချက်များ အောင်မြင်ရေးအတွက် မြန်မာနိုင်ငံအနေနှင့် ဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ရေး၊ ပုဂံထိပ်သီးလေးနိုင်ငံ ဆွေးနွေးချက်များ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ ဘင်းမ်စတက်အဖွဲ့၏ ဆောင်ရွက်ဖွယ်ရာများဆောင်ရွက်နိုင်ရေးအတွက် သော်လည်းကောင်း မြန်မာနိုင်ငံက ပါဝင်အကောင်အထည်ဖော်နိုင်အောင် ကဏ္ဍအလိုက် တာဝန်ရှိသူအသီးသီးနှင့်အတူ ဆရာ၊ဆရာမများအပိုင်းကလည်း မိမိတို့ကျရာတာဝန်ပိုင်းကနေ ပါဝင်ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

အတိအလင်းကြေညာ

ထိုသို့ နိုင်ငံတကာ့အလယ်တွင် လွတ်လပ်ပြီးအချုပ်အခြာအာဏာပိုင်သည့် နိုင်ငံ တစ်နိုင်ငံပီသစွာဖြင့် တင့်တယ်ဝင့်ကြွားစွာ ခိုင်ခိုင်မြဲမြဲရပ်တည် နိုင်စေရေးအတွက် ရေရှည်အာမခံနိုင်မည့် အခြေခံကောင်းများတည်ဆောက်နိုင်စေရန် နိုင်ငံတော်ရှေ့ဆက် ချီတက်လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို နိုင်ငံတကာသို့တိုင် အတိအလင်းကြေညာခဲ့ပြီးလည်းဖြစ်ကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ဖြစ်ထွန်းရေးအတွက် ဆင့်ကဲဆင့်ကဲဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်အတွက် တစ်မျိုးသားလုံး၏ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ၊ နိုင်ငံတကာ၏ အားပေးထောက်ခံကူညီမှုတွေသည် မရှိမဖြစ် အဓိကလိုအပ်ချက်များပင်ဖြစ်ကြောင်း။

ထို့ကြောင့်တက္ကသိုလ်၊ကောလိပ် ဆရာ၊ဆရာမများအပိုင်းကလည်း တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဆီသို့ ချောမွေ့စွာလျှောက်လှမ်းနိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်အကောင်အထည်ပေါ်လာစေရအောင် မိမိတို့ကျရာအခန်းကဏ္ဍက တက်ညီလက်ညီပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်လိုအပ်ပါသည်ဟု ပြောကြားလိုကြောင်း။

နိုင်ငံသူ၊နိုင်ငံသား တိုင်းရင်းသားပြည်သူများ၏ ကျန်းမာသန်စွမ်းကြံ့ခိုင်မှု၊ နိုင်ငံတကာ အဆင့်မီပညာရည်မြင့်မားမှု၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု၊ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များပြည့်ဝခိုင်မာမှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုစသည့်ကောင်းမြတ်သည့်အခြေခံများကပေါက်ဖွားလာသည့်အမျိုးသားနိုင်ငံတော်ကြီးသည်သာ လွတ်လပ်သောအချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနိုင်မှာ ဖြစ်သည့်အတွက် ထိုအခြေခံကောင်းများ ပီပီပြင်ပြင်ပေါ်ထွန်းလာစေရအောင် တက္ကသိုလ်ဆရာ၊ ဆရာမများအားလုံးက ညီညီညွတ်ညွတ်ကြိုးပမ်းစွမ်းဆောင်ပေးကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့်ပြောကြားလိုသည်မှာ–

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မည့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာသော အသိပညာရှင်၊ စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆

ခ စာမျက်နှာ ၁၀ မှ

အတတ်ပညာရှင်များ၊ နိုင်ငံတကာအဆင့်မီ ပညာရည် မြင့်မား ထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေစေရအောင် ပညာရေးကဏ္ဍက ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊

- **အာဆီယံ မိသားစုဝင်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဒေသတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး တိုးတက်ခိုင်မာတောင့်တင်းရေး၊ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ သမိုင်းအစဉ်အလာကြီးမားသည့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအစီအမံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် ပညာရေးကဏ္ဍက ထမ်းဆောင်ရမည့် တာဝန်များကို ကျေပွန်တက်ကြွစွာ ထမ်းဆောင်ပေးကြပါ၊**
- **အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ရှေ့ဆက်လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် သင်တန်းသား၊သင်တန်းသူ တက္ကသိုလ်၊ကောလိပ်များမှ ဆရာ၊ ဆရာမများအား ဆုများချီးမြှင့်ခြင်းနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ်(အီး–၁၅၆) ကျောက်ဆည်နည်းပညာကောလိပ် သတ္တုဗေဒ အင်ဂျင်နီယာဌာနမှ လက်ထောက်ကထိက ဦးစည်သူကျော်အားလည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူအမှတ်(ဘီ–၈) မန္တလေးတက္ကသိုလ် ဥပဒေပညာဌာနမှ နည်းပြ ဒေါ်စန္ဒာအောင်အားလည်းကောင်း၊ ဖွဲ့လုံ့လဆုများကို သင်တန်းသားအမှတ်(အီး–၁၀၇) မန္တလေးဆေးတက္ကသိုလ် ခွဲစိတ်ကုပညာဌာနမှ လက်ထောက်ကထိက ဦးရွှေဝင်း၊ သင်တန်းသူအမှတ်(စီ–၆၅) မြစ်ကြီးနားတက္ကသိုလ် ရက္ခဗေဒဌာနမှ လက်ထောက်ကထိက ဒေါ်စန္ဒာထွန်းနှင့် သင်တန်းသူအမှတ်(ဒီ–၂၆) မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်မှ လက်ထောက်ကထိက ဒေါ်ရင်ရင်သီတို့အားလည်းကောင်း ပေးအပ်လိုက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဆောင်စံပြဆုကို အမျိုးသားတပ်ခွဲ(၁) အဆောင်(၆)မှ သင်တန်းသားများအားလည်းကောင်း၊ အမျိုးသမီးတပ်ခွဲ(၃) အဆောင်(၇)မှ သင်တန်းသူများအားလည်းကောင်း၊ သင်တန်းဆင်း အောင်လက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်များမှတစ်ဆင့် သင်တန်းသား၊ သင်တန်းသူများအားလည်းကောင်း ပေးအပ်လိုက်သည်။

ထို့နောက် သင်တန်းသား၊သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ဆရာမများက သာသနာရေး၊ ပညာရေးနှင့် လူမှုရေးအလှူငွေ စုစုပေါင်းငွေကျပ် ၅၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ခံပြီး သင်တန်းဆင်း အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



စကားသည်လောကကိုစိုးမိုး၏ စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၃၁

စကား၏အရင်းအမြစ်၊ စကား၏ သဘောသဘာဝ၊ စကား၏ အလုပ်တာဝန်၊ စကား၏ အစွမ်းသတ္တိနှင့် စကားပရိယာယ် အသွယ်သွယ်တို့ကို သုတေသနပြု ရေးသားထားသော ဌေးမောင်၏ စကားသည်လောကကို စိုးမိုး၏ စာအုပ်ကို မြတ်ပန်းရဂုံစာပေ အမှတ် ၄၇၃(က) နီလာ(၆)လမ်း (ဂ) ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ် ထုတ်ဝေဖြန့်ချိထားကြောင်းသိရသည်။ **(အပေါ်ဝဲပုံ)** (က–ပ)

တောင်ကြီး စက်မှုအထက အာစရိယ ပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

၁၉၆၈ ခုနှစ်မှ ၁၉၉၈ ခုနှစ်အတွင်း တောင်ကြီးမြို့ စက်မှုလက်မှု အထကသို့ တက်ရောက်ခဲ့သော ကျောင်းသားဟောင်းများအားလုံးက အသက်(၆၀) ပြည့်ပြီး အငြိမ်းစားယူခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ် အာစရိယ ပူဇော်ပွဲကို မတ် ၂၁ ရက် (တနင်္ဂနွေနေ့)တွင် တောင်ကြီးမြို့ ကုန်းသာယာကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။

အလှူငွေထည့်ဝင်လိုသူများ ဆရာဦးကျော်ချွန်း(အငြိမ်းစား) (တောင်ကြီး) ၀၈၁–၂၂၉၉၆၊ ဦးတင်အောင်၊ ဦးသန်းကြွယ်(တောင်ကြီး) ၀၈၁–၂၁၀၁၆(ရုံး)၊ ဦးလှသိန်း(ရန်ကုန်) ၀၁–၂၉၅၁၇၆၊ ၀၁–၅၉၀၀၄၄၊ ဦးအေးဝင်း(မန္တလေး) ၀၂–၃၁၄၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများသည် ဆရာဦးကျော်ချွန်း (အငြိမ်းစား)တောင်ကြီး ၀၈၁–၂၂၉၉၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

ယုံချင်ယုံ မယုံချင်နေ စာအုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၃၁

မောင်သိန်းလွင် ဘာသာပြန်ဆိုသည့် ယုံချင်ယုံမယုံချင်နေ စာအုပ်တတိယတွဲကို ရွှေဟင်္သာစာပေ အမှတ် (၂၆၃) ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ်နှင့် မင်းမဟာစာပေ (၄/၁၆) အောင်ဓမ္မရိပ်သာလမ်း လှိုင်မြို့နယ်တို့မှ ဖြန့်ချိထားသည်။ **(အပေါ်ပုံ)** (က–ပ)

(၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ရေးဖြေနှင့်အာဂုံပြန် အောင်မြင်တော်မူကြသော သံဃာတော်များစာရင်း

ရေးဖြေအောင်စာရင်း

ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်း အာဂုံအောင် ဥဘတောဝိဘင်္ဂဓရ (၄၃) ပါး

(ယမန်နေ့မှအဆက်)

၁။	ပလ္လင်အမှတ်–၃၆	အရှင်ဝိသုဒ္ဓ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။
၂။	ပလ္လင်အမှတ်–၃၈	အရှင်စန္ဒနာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။
၃။	ပလ္လင်အမှတ်–၃၉	အရှင်ဏ္ဍိယ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။
၄။	ပလ္လင် အမှတ်–၄၀	အရှင်ဉာဏိဿရ (ခရမ်း)၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။
၅။	ပလ္လင်အမှတ်–၄၁	အရှင်ကဝိန္ဒ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။
၆။	ပလ္လင်အမှတ်–၄၄	အရှင်နန္ဒာစရိယ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၇။	ပလ္လင်အမှတ်–၄၅	အရှင်နန္ဒဝံသ (ကပတ)၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။
၈။	ပလ္လင်အမှတ်–၄၆	အရှင်မာနိတ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။
၉။	ပလ္လင်အမှတ်–၄၇	အရှင်ဇောတိကာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။ **(အထူးအောင်)**
၁၀။	ပလ္လင်အမှတ်–၄၈	အရှင်ဝဇီရဉာဏ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။
၁၁။	ပလ္လင်အမှတ်–၅၀	အရှင်ကုသလ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ၊ သဒ္ဓမ္မပါလကျောင်းတိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
၁၂။	ပလ္လင်အမှတ်–၅၁	အရှင်ဝိဇ္ဇောဘာသာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၃)ဝါ၊ ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့။
၁၃။	ပလ္လင်အမှတ်–၅၃	အရှင်သုမန၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ၊ သာသနာ့အလင်းရောင် ကျောင်းတိုက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။
၁၄။	ပလ္လင်အမှတ်–၅၉	အရှင်သာသန၊ အသက်(၃၃)နှစ်၊ သိက္ခာ(၇)ဝါ၊ စိန်ရတနာပရိယတ္တိစာသင်တိုက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
၁၅။	ပလ္လင်အမှတ်–၆၁	အရှင်ကဝိဓဇ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ သဒ္ဓမ္မပဇ္ဇောတာရုံ ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။
၁၆။	ပလ္လင်အမှတ်–၆၃	အရှင်ဉာဏမဥ္ဇူ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။
၁၇။	ပလ္လင်အမှတ်–၆၅	အရှင်သုဇာတာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
၁၈။	ပလ္လင်အမှတ်–၆၆	အရှင်အတုလ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။
၁၉။	ပလ္လင်အမှတ်–၆၇	အရှင်ပညာသာရာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၅)ဝါ၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၂၀။	ပလ္လင်အမှတ်–၆၈	အရှင်ဝိမလာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၄)ဝါ၊ အောင်ချမ်းသာပရိယတ္တိ စာသင်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။
၂၁။	ပလ္လင်အမှတ်–၇၀	အရှင်မင်္ဂလာစာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။

၂၂။	ပလ္လင်အမှတ်–၇၁	အရှင်သုစိတ္တာလင်္ကာရ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။
၂၃။	ပလ္လင်အမှတ်–၇၃	အရှင်ဝိလာသ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့။
၂၄။	ပလ္လင်အမှတ်–၇၅	အရှင်ထေရဝံသ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
၂၅။	ပလ္လင်အမှတ်–၇၆	အရှင်ကုန္ဒကာလင်္ကာရ၊ အသက် (၂၃)နှစ်၊ သိက္ခာ(၃)ဝါ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
၂၆။	ပလ္လင်အမှတ်–၇၇	အရှင်ပဏ္ဏဝ၊ အသက် (၂၂)နှစ်၊ သိက္ခာ(၂)ဝါ၊ ဝင်းနိမ္မိတာရုံကျောင်းတိုက်၊ ပဲခူးမြို့။
၂၇။	ပလ္လင်အမှတ်–၈၁	အရှင်ပညာဝံသ၊အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။
၂၈။	ပလ္လင်အမှတ်–၈၃	အရှင်ကဝိဓဇ (ဆိပ်ဖြူ)၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။
၂၉။	ပလ္လင်အမှတ်–၈၇	အရှင်စန္ဒနာလင်္ကာရ(ကနီ)၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့။
၃၀။	ပလ္လင်အမှတ်–၈၉	အရှင်ဘဒ္ဒိယာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။ **(အထူးအောင်)**
၃၁။	ပလ္လင်အမှတ်–၉၄	အရှင်ကေသရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ မေဃဝန်ကျောင်းတိုက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
၃၂။	ပလ္လင်အမှတ်–၉၅	အရှင်ဉာဏဝရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။
၃၃။	ပလ္လင်အမှတ်–၉၇	အရှင်သောဘိတ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၄)ဝါ၊ ဝါဆိုဦးကျောင်းတိုက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
၃၄။	ပလ္လင်အမှတ်–၉၉	အရှင်ကာရုညသိရီ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၄)ဝါ၊ မဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၃၅။	ပလ္လင်အမှတ်–၁၀၀	အရှင်ဩဘာသာလင်္ကာရ၊ အသက် (၂၄)နှစ်၊ သိက္ခာ(၃)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ **(အထူးအောင်)**
၃၆။	ပလ္လင်အမှတ်–၁၀၁	အရှင်ပဇ္ဇလိတ၊ အသက်(၂၃)နှစ်၊ သိက္ခာ (၃)ဝါ၊ တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။
၃၇။	ပလ္လင်အမှတ်–၁၀၂	အရှင်ဇဋိလာလင်္ကာရ၊ အသက် (၂၃)နှစ်၊ သိက္ခာ (၃)ဝါ၊ ဓမ္မိကာရာမတောရကျောင်း၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်။
၃၈။	ပလ္လင်အမှတ်–၁၀၃	အရှင်သုဇနာလင်္ကာရ၊ အသက် (၂၃)နှစ်၊ သိက္ခာ (၃)ဝါ၊ သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့။
၃၉။	ပလ္လင်အမှတ်–၁၀၄	အရှင်ဝိလာသ၊ အသက်(၂၂)နှစ်၊ သိက္ခာ (၂)ဝါ၊ ရန်ကင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။
၄၀။	ပလ္လင်အမှတ်–၁၀၅	အရှင်ဓမ္မာစာရ၊ အသက်(၂၂)နှစ်၊ သိက္ခာ (၂)ဝါ၊ ဓမ္မပါလသုံးဆူပရိယတ္တိစာသင်တိုက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
၄၁။	ပလ္လင်အမှတ်–၁၀၆	အရှင်အာစိဏ္ဏ၊ အသက်(၂၂)နှစ်၊ သိက္ခာ (၂)ဝါ၊ သိန်းသန်းရတနာကျောင်း၊ မိုးကောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ **(အထူးအောင်)**
၄၂။	ပလ္လင်အမှတ်–၁၀၇	အရှင်ဉာဏိက၊အသက်(၂၁)နှစ်၊သိက္ခာ (၂)ဝါ၊ ငွေတောင်ဦးကမ္မဋ္ဌာန်းကျောင်းတိုက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်။
၄၃။	ပလ္လင်အမှတ်–၁၁၀	အရှင်ဇဋိလ၊ အသက် (၁၉)နှစ်၊ ရန်ကင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။ ။

အကြိမ်(၂၀၀)ပြည့် သိက္ခာတော်ထပ်ပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာကြီး၏ ပဓာနနာယက သာသနဓဇ သိရီပဝရဓမ္မာစရိယ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမန ဆရာတော်အား အကြိမ်(၂၀၀)ပြည့် သိက္ခာတော်ထပ်ပူဇော်ပွဲကို တပည့်ဒါယကာ၊ ဒါယိကာမတို့က ၁၃၆၅ ခု တပို့တွဲလပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ စုပေါင်းလှူဒါန်းပူဇော်ကြမည်ဖြစ်ရာ ရပ်နီးရပ်ဝေး တပည့်ဒါယကာ၊ ဒါယိကာမများ အကျိုးဆောင်အဖွဲ့ထံ စာရင်းပေး ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

မလေးရှားစကားပြောသင်တန်း ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

K.M Language & Business Centre က စီစဉ်သော မလေးရှားစကားပြောသင်တန်း အပတ်စဉ် (၁၂)ကို ဖေဖော်ဝါရီ ၂ရက်တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ K.M Centre အမှတ်(၂၅) နံ့သာလမ်း ဌာနာရပ်ကွက် အလုံမြို့နယ်ခန်းမအနီး ဖုန်း–၂၂၁၁၆၀နှင့် အမှတ်(၂၈၆) ဗညားဒလလမ်း တာမွေမြို့နယ် ဖုန်း–၇၀၉၈၇၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

☆ အမျိုးသားကျန်းမာရေးမှ

ပါမောက္ခ ဦးဘမြင့်နှင့် အမှုဆောင် အဖွဲ့ဝင်များ၊ အသင်းဝင်များ၊ ညီလာခံကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ည ၇နာရီ မိနစ် ၂၀တွင် ညစာစားပွဲသို့ရောက်ရှိလာရာ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်းမှ ကိုယ်စားလှယ်များနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်များက ကြိုဆိုကြသည်။

ညစာစားပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအဖွဲ့အစည်းနှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းတို့၏ ပဉ္စမအကြိမ် ပူးတွဲအစည်းအဝေးတွင် စာတမ်းဖတ်ကြား တင်သွင်းသူများအနက် အကြီးတန်း၌ အကောင်းဆုံးစာတမ်းရှင်ဆုရ ဒေါက်တာကိုကိုမော်နှင့် အငယ်တန်း၌ အကောင်းဆုံး စာတမ်းရှင်ဆုရ ဒေါက်တာစိုးနိုင်တို့အား မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးဘမြင့်က ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တက်ရောက်လာသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

သတင်းဝန်ဆောင်မှုလုပ်ငန်း တယ်လီဖုန်းအမှတ်(၁၀၄)ဖြင့် ဆက်သွယ်ရေးခက်ခဲသော၊ တယ်လီဖုန်းမရှိသောဒေသများသို့ လွယ်ကူလျင်မြန်စွာ သတင်းပေးပို့ ဆက်သွယ်နိုင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းအား FISCA Enterprises မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝိတ်က FISCA Enterprises ၏ ပြခန်းတွင် ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

❍ နိုင်ငံတော်မှ

တယ်လီဖုန်းဆက်သွယ်မှုစနစ် တည်ဆောက်ခြင်းလုပ်ငန်းများ၊ ပြည်ပနိုင်ငံများနှင့် ပေါင်းစပ်အကောင်အထည်ဖော်လျက်ရှိသည့် ဆက်သွယ်ရေးလုပ်ငန်း အခြေအနေများ၊ ပြည်နယ်၊ တိုင်းအလိုက် ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးတင့်လွင်က Global Telematics Services ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က သိရှိလိုသည်များကို ထပ်မံမေးမြန်းပြီး Global Telematics Services အရ အသုံးပြုမည့် ဆက်သွယ်ရေးစက်ပစ္စည်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရုံးချုပ်အခြေစိုက် ပြည်ပ ဆက်သွယ်ရေးစခန်းရှိ ကွန်ပျူတာ ဆက်သွယ်ရေးအိတ်ချိန်း (Myanmar Packet Network) အခန်းနှင့် Internet အခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်း Transit အိတ်ချိန်း အခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က တယ်လီဖုန်းဆက်သွယ်ရေးစနစ်ဖြင့် ပြည်တွင်း ရပ်ဝေးဒေသများသို့ ကုန်ကျစရိတ်သက်သာ၍ လွယ်ကူလျင်မြန်စွာ သတင်းပေးပို့ခြင်း၊ သတင်းပြန်လည်လက်ခံခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထားရှိသည့် သတင်းဝန်ဆောင်မှုလုပ်ငန်း (၁၀၄)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသသည်။

ရုံးချုပ်အခြေစိုက် ပြည်ပဆက်သွယ်ရေးစခန်းတွင် ထားရှိသည့် Telecom Message Service Centre တယ်လီဖုန်းအမှတ် (၁၀၄)သို့ တယ်လီဖုန်းဖြင့် ဆက်သွယ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ပြ၊ ကျေးလက်ဒေသများမှ မိမိဆက်သွယ်လိုသူထံ အချိန်တိုအတွင်း မိမိပေးပို့လိုသော သတင်းအချက်အလက်များကို ပေးပို့အကြောင်းကြားနိုင်သည့်အပြင် သတင်းလက်ခံသူက သတင်းပေးပို့သူထံ ပြန်ကြားလိုသော အချက်များကိုပါ လက်ခံပြန်ကြားပေးနိုင်မည်ဖြစ်သည်။

လွယ်ကူလျင်မြန်စွာ

အဆိုပါ သတင်းဝန်ဆောင်မှုလုပ်ငန်း (၁၀၄)ကြောင့် ကိုယ်ပိုင်တယ်လီဖုန်း မရှိသူများ၊ တယ်လီဖုန်းဆက်သွယ်ရန် ခက်ခဲသော ဒေသများ၊ တယ်လီဖုန်းမရှိသော ဒေသများသို့ လွယ်ကူလျင်မြန်စွာ သတင်းပေးပို့ ဆက်သွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရုံးချုပ်အခြေစိုက် ပြည်ပဆက်သွယ်ရေးစခန်းမှ ကိုးမိုင်ရှိ FISCA Enterprises သို့ ရောက်ရှိကြရာ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝိတ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး FISCA Enterprises ၏ ပြခန်းကို ရှေးဦးစွာ ရှင်းလင်းပြသကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Printed Circuit Board (PCB) ထုတ်လုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် တယ်လီဖုန်းအိတ်ချိန်းခုံများ တည်ဆောက်ထားမှုများ၊ ကျေးလက်သုံး အော်တိုအိတ်ချိန်း အသေးစား ထုတ်လုပ်ထားမှုများနှင့် သုတေသနခန်း၊ စက်စမ်းသပ်ခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ အထွေထွေ မန်နေဂျာ ဦးဇော်မင်းက FISCA Enterprises စတင်တည်ထောင်ခဲ့မှုကို ရှင်းလင်းပြသသည်။

ဆက်လက်၍ Engineering Director ဦးဇော်ဝင်းက မိမိတို့ကုမ္ပဏီအနေဖြင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် KY၁၀၀၀ တယ်လီဖုန်း အိတ်ချိန်းခုံများကို ထုတ်လုပ်တပ်ဆင်ပေးလျက်ရှိပါကြောင်း၊ Public Exchange၊ ကျေးလက်သုံး Exchange တို့ကိုလည်း ထုတ်လုပ်သွားမည်ဖြစ်ပါကြောင်းနှင့် လှိုင်သာယာမြို့နယ်တွင် စက်ရုံတည်ဆောက်၍ PCB ထုတ်လုပ်ခြင်း အပါအဝင် အဆင့်တိုးမြှင့် ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တီထွင်ကြံဆလုပ်ကိုင်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဆက်သွယ်ရေးဆိုင်ရာ ကုမ္ပဏီများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အားပေးမြှင့်တင် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က ဆက်သွယ်ရေးနည်းပညာပိုင်း၌ ယခုကဲ့သို့ မြန်မာကုမ္ပဏီများအနေဖြင့် ကျွမ်းကျင်စွာ လုပ်ကိုင်လာသည်မှာ တိုးတက်မှုသဘောကို ပြဆိုနေကြောင်း၊ မိမိတို့၏ လက်ရှိ အောင်မြင်မှုများအပေါ် ရောင့်ရဲတင်းတိမ်မနေဘဲ အမြင်ကျယ်ကျယ်ဖြင့် တီထွင်ကြံဆ လုပ်ကိုင်သွားရန်နှင့် ပြည်ပဈေးကွက် ရရှိအောင် ကြိုးစားသင့်ကြောင်းဖြင့် မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရွှေပြည်သာမြို့နယ် ရွှေပြည်သာ စက်မှုဇုန်(၄) စက်ဆရာဦးထွန်းလမ်းရှိ မြန်မာ့အားမာန် မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိကြရာ လုပ်ငန်းဥက္ကဋ္ဌ ဦးစိုင်းမျိုးဝင်းက မော်တော်ယာဉ်များ ထုတ်လုပ်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ပြည်တွင်းတွင် ထုတ်လုပ်ထားသည့် မော်တော်ယာဉ်ဘန်ပါများ၊ အိတ်ဇောများ၊ ကားဘီးခွေများ၊ ကားကိုယ်ထည်ဘေးခြမ်းများ၊ ကြမ်းခင်းများ၊ ရှေ့တံခါး၊ နောက်တံခါးများကို ရှင်းလင်းပြသသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခေတ်မီယာဉ်ဆေးမှုတ်၊ ဆေးပေါင်းရုံ တည်ဆောက်ထားမှု၊ တပ်ဆင်ထားသည့် တွင်ခုံပစ္စည်းများ၊ ပြည်တွင်းဖြစ်ဖရိန်ဖိစက်နှင့် ဖရိန်ထုတ်လုပ်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ထုတ်လုပ်မည့် မော်တော်ယာဉ် အကြမ်းထည်များကိုလည်းကောင်း၊ ကားပစ္စည်းဆိုင်ရာ မိုလ်အမျိုးမျိုးကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မြန်မာ့အားမာန် မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းက M.A.M Double Cab၊ M.A.M Extra Cab နှင့် M.A.M Wagon တို့ကို ထုတ်လုပ်သွားရန် စီမံထားရှိပြီးဖြစ်ကြောင်း သိရသည်။

စက်မှုဇုန်(၃)

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရွှေပြည်သာစက်မှုဇုန်(၃) တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်းရှိ Fair Sun Co., Ltd. သို့ ရောက်ရှိကြရာ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဖေခင်က ပြည်တွင်းဈေးကွက်သို့ ရောင်းချနေသော Oil Pump, Cooling Water Pump, Shock Absorber, Air Compressor, Clutch Pressure Plate, Pipe Joint Ass'y, Tool and Cutter, Fibre Gear စသည့် မော်တော်ယာဉ်သုံးပစ္စည်းများ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ ၁၀ တန်မော်တော်ယာဉ်ထုတ်လုပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီက ပြည်ပမှ တင်သွင်းတပ်ဆင်ထားသည့် CNC Machine, Fibre Moulding Machine, D.R.O System Milling Machine စသည့် စက်ပစ္စည်းများဖြင့်လည်းကောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သည့် Lathe Machine များဖြင့်လည်းကောင်း မော်တော်ယာဉ်သုံး ပစ္စည်းများ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ကုမ္ပဏီ၏ သံရည်ကျိုအလုပ်ရုံ တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ အားပေးမှာကြားကာ ညနေ ၄ နာရီတွင် ရွှေပြည်သာစက်မှုဇုန်မှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ပြည်နယ်/ တိုင်း ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရောဝတီ အနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၃၁

(၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့တွင် ယနေ့ ဆက်လက်ကျင်းပရာ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရောဝတီတိုင်းတို့ အနိုင်ရရှိကြသည်။

အောင်ဆန်းကွင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)– တစ်ဂိုး။
(ကျော်စုထွေး)
ကရင်ပြည်နယ်– ဂိုးမရှိ။
အကောင်းဆုံးဆု– ကျော်စုထွေး (ရှမ်းပြည်နယ်တောင်ပိုင်း)။

သုဝဏ္ဏကွင်း

ရောဝတီတိုင်း– သုံးဂိုး။
(ရာဇာစိုး–နှစ်ဂိုး၊ သန်းနိုင်ဦး–တစ်ဂိုး)
ပဲခူးတိုင်း– တစ်ဂိုး။
(ဇော်နိုင်ထွန်း)
အကောင်းဆုံးဆု–ရာဇာစိုး(ရောဝတီ)။

သုံးမှတ်စီရရှိ

(ကက)အုပ်စုတွင် ရောဝတီတိုင်းအသင်းက နှစ်ပွဲနိုင်ဖြင့် ခြောက်မှတ်ရရှိနေပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကရင်ပြည်နယ်တို့သည် တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်စီရရှိနေကြသည်။

ယနေ့ပွဲ

(အောင်ဆန်းကွင်း)
စစ်ကိုင်း နှင့် မန္တလေး
(သုဝဏ္ဏကွင်း)
ကချင် နှင့် ရန်ကုန်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁–၂–၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၀ ၆။ အရေးပြိုင်ပွဲ
၈:၂၀ ၇။ ဘော်ဘင်ရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Say it in English.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ (အပိုင်း–၁၂)**
၁၂:၁၀ ၅။ Milo Success in Soccer.
၁၂:၃၀ ၆။ **မြန်မာရုပ်ရှင် နော်ရင်မွေး (စိုးသူ၊ နေအောင်၊ ဇင်ဝိုင်း၊ စိုးမြတ်သူဇာ၊ ခင်ဇာခြည်ကျော်) (ဒါရိုက်တာ–အောင်စိုးဦး)**
၂:၄၅ ၇။ International News.
၃:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
၅:၁၅ ၆။ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၃၀ ၇။ **(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီပန်းပုပြိုင်ပွဲ ပြပွဲအကြောင်း သိကောင်းစရာများ**
၅:၄၅ ၈။ ဆိုကြမယ်၊ပျော်ကြမယ်
၆:၃၀ ၉။ ညနေခင်းသတင်း
၇:၀၀ ၁၀။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၁။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၇:၁၀ ၁၂။ တေးဂီတအစီအစဉ်
၇:၂၀ ၁၃။ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၇:၃၅ ၁၄။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင့်သန် ခိုင်မာရန်မှာ တို့ဝန်တာ ဖွံ့ဖြိုးမှုဝေ မနောမြေ (အပိုင်း–၁)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **Calcio Serie A ဘောလုံးပွဲထုတ်လွှင့်မှုအစီအစဉ်**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဝင် တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့ နံနက် ၉နာရီတွင် ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးကောလိပ်ကျောင်းခန်းမ၌ကျင်းပသည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်း(ဗဟိုအဆင့်) ကျပန်းစကားပြော ပြိုင်ပွဲသို့ တက်ရောက်အားပေး ချီးမြှင့်သည်။

တက်ရောက်

ကျပန်းစကားပြောပြိုင်ပွဲသို့ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီး ကော်မတီဝင် ဒုတိယ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် ဝင်းမြင့်နှင့် ကျင်းပရေးဦးစီး ကော်မတီဝင်များ၊ တပ်မတော် အရာရှိကြီးများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံနှင့် အခြေခံပညာကျောင်းအဆင့် စာပေ၊ အနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ကော်မတီဝင်များ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် အဖွဲ့များမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ အကဲဖြတ်အဖွဲ့ဝင် ပါမောက္ခများ၊ ကြီးကြပ်သူ ဆရာ၊ ဆရာမများနှင့် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေဦးစွာ(၅၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာကျောင်းအဆင့် စာပေ၊ အနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အခြေခံပညာအထက်တန်း ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူ ၁၇ဦးတို့က ပြိုင်ပွဲဝင်ရမည့် အမှတ်စဉ်နှင့် ဟောပြောရမည့်ခေါင်းစဉ်ကိုမဲနှိုက်၍ ယှဉ်ပြိုင်ဟောပြောကြသည်။

ဆုများရရှိ

ယင်းနောက် အခြေခံပညာအထက်တန်းဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများစာရင်းကို ကြေညာရာတွင် ရန်ကုန်တိုင်း အထက(၁) ဒဂုံမြို့နယ်မှ မလှမြတ်မွန်က ပထမ၊ ကရင်ပြည်နယ် အထက(၁)ဘားအံမြို့မှ မနန်းပွင့်ရွှေရည်ဖူးက ဒုတိယ၊ မန္တလေးတိုင်း အထက ငါန်းဇွန်မြို့မှ မောင်အေးလင်းထွန်းက တတိယနှင့် အထူးဆုများအဖြစ် ကချင်ပြည်နယ် အထက(၄) မြစ်ကြီးနားမှ မောင်မရောနော်ဆန်း၊ ကယားပြည်နယ် အထက(၁) လွိုင်ကော်မှ မောင်လူရယ်စိုး၊ ချင်းပြည်နယ် အထက(၃) ဟားခါးမှ မခင်စန္ဒာ၊ စစ်ကိုင်းတိုင်း အထက အင်းရွာကသာမှ မချစ်ငယ်ငယ်၊ တနင်္သာရီတိုင်း အထက(၁) မြိတ်မှ မမေဇင်ဖူး၊ ပဲခူးတိုင်း(အနောက်ပိုင်း) အထက(၅)ပြည်မှ မောင်စည်သူမြင့်လွင်၊ ပဲခူးတိုင်း(အရှေ့ပိုင်း) အထက(၃)ပဲခူးမှ မောင်ရဲမင်းဟိန်း၊ မကွေးတိုင်း အထက(၂)ချောက်မှ မခင်မျိုးရွှေစင်၊ မွန်ပြည်နယ်အထက(၃) သထုံမှ မမေသန်းမြင့်ထွေး၊ ရခိုင်ပြည်နယ် အထက ပုဏ္ဏားကျွန်းမှ မောင်ညိုဝင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထက ညောင်ရွှေမှ မောင်လွင်လွင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထက သီပေါမှ မဆုမွန်သာ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထက(၃) ကျိုင်းတုံမှ မခင်ရတနာမောင်၊ ဧရာဝတီတိုင်း အထက (၆) ပုသိမ်မှ မဟယ်ရီမွန်တို့က ဆုများအသီးသီးရရှိကြသည်။

ဆုရရှိသူများအား (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာကျောင်းအဆင့် စာပေ၊ အနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး ပထမနေ့ပြိုင်ပွဲကို ရုပ်သိမ်းလိုက်သည်။

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အခြေခံပညာအလယ်တန်း (ဗဟိုအဆင့်) ကျပန်းစကားပြောပြိုင်ပွဲကို ဖေဖော်ဝါရီ ၁ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၄ရက်မှ ၆ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော် အကြိုရက်ဖြစ်သည့် ဇန်နဝါရီ ၂၉ရက် နံနက် ၉နာရီမှစတင်၍ အနယ်နယ်အရပ်ရပ်ရှိ ခြင်းအလှခတ်(၁၆၈)ဖွဲ့တို့က ခြင်းအလှခတ်ကစား၍လည်းကောင်း၊ ဗုဒ္ဓပူဇနိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁ရက်မှ ၃ရက်အထိ လည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ မြို့နယ်ရှစ်မြို့နယ်နှင့် မထသတို့ စုစုပေါင်းအဖွဲ့ကိုးဖွဲ့ပါဝင်ယှဉ်ပြိုင်မည့် ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ရက် မွန်းလွဲ ၂နာရီတွင်လည်းကောင်း၊ ဝတ်အသင်းအဖွဲ့တို့၏ ဝတ်ရွတ်ပူဇော်ပွဲကို ပွဲတော်ရက်များဖြစ်သည့် ဖေဖော်ဝါရီ ၄ရက်မှ ၆ရက်အထိ နေ့စဉ်နံနက် ၇နာရီမှ ည ၇နာရီအထိ အလှည့်ကျ ဝတ်ရွတ်ပူဇော်၍လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၅ရက်(တပို့တွဲလပြည့်နေ့) နံနက် ၆နာရီတွင် ဂေါပကအဖွဲ့ကကြီးမှူး၍ ဆွမ်းတော်ကြီးများ ကပ်လှူ၍လည်းကောင်း၊ နံနက် ၇နာရီခွဲတွင် ဆရာတော်သံဃာတော် ၄၅ပါးတို့ထံမှ သီလခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော်နာယူခြင်း၊လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ရေစက်သွန်းချ အမျှပေးဝေခြင်း၊ သံဃာတော်အပါး ၅၀၀တို့အား ဆွမ်းသပိတ်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းတို့ကို ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် ၂၀၀၃-၂၀၀၄ခုနှစ် အကြိမ်(၃၀)မြောက် မြန်မာနိုင်ငံ အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို ဖေဖော်ဝါရီ၉ရက်မှ ၂၀ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံလေလုံအားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။ နောက်ဆုံးအဆင့်၌ တိုက်ရိုက်ပါဝင်ခွင့်ရရှိသည့် ယမန်နှစ် မြန်မာ့လက်ရွေးစင်လေးဦးဖြစ်သည့် ကျော်ကျော်စိုး(ပြည်ထဲရေး)၊ ဝင်းဇော်ထွန်း(လယ်/ဆည်)၊ မြင့်ဟန်(မြောက်ဥက္ကလာ)၊ နေဦးကျော်ထွန်း(မြို့တော်စည်ပင်)တို့နှင့်အတူ ဒုတိယဆင့် လက်ရည်စစ်ပွဲမှ လက်ရည်စစ်အောင်မြင်ကြသူ ၁၂ဦး စုစုပေါင်း ၁၆ဦးတို့သည် ဖေဖော်ဝါရီ ၇ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်(အောင်ဆန်းအားကစားပြိုင်ဝင်း)သို့ သတင်းပေးပို့ကြရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံအမျိုးသား တံခွန်စိုက်ချန်ပီယံနှင့် မြန်မာ့လက်ရွေးစင်များ ရွေးချယ်သွားမည်ဖြစ်ပြီး ဆုကြေးကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

(ကြေးမုံ)

ရန်ကုန် ကုန်စည်ပြပွဲ ဒုတိယနေ့ဆက်လက်ပြသ

ရန်ကုန် ဇန်နဝါရီ ၃၁

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်ကုန်စည်ပြပွဲ ၂၀၀၄ကို ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းမရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ ယနေ့ဒုတိယနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသလျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများ၊ လာရောက်ကြည့်ရှုလေ့လာကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယင်းပြပွဲတွင် Dagon Win Win Co., Ltd နှင့် Dagon Brewery Co.,Ltd တို့မှ ထုတ်လုပ်ဖြန့်ချိသော Dagon အမှတ်တံဆိပ်ကုန်ပစ္စည်းများပြခန်း၊ Summit World Industries Co., Ltd ၏ Fiance အလှကုန်များနှင့် ရေမွှေးမျိုးစုံပြခန်း၊ Great Summit Int'l Co., Ltd ၏ ကိုရီးယားသမ္မတနိုင်ငံမှ တင်သွင်းသည့် လာမီနိတ်ကြမ်းခင်းများပြခန်းနှင့် Owl International Pte Ltd ၏ စင်ကာပူနိုင်ငံမှ တင်သွင်းသော ကော်ဖီမစ်များပြခန်းအပြင် အခြားကုန်ပစ္စည်းများ၊ ဝန်ဆောင်မှု လုပ်ငန်းများကို Star Entertainment ၏ ကုန်ပစ္စည်းဆိုင်ရာ သရုပ်ပြပွဲ၊ ဖျော်ဖြေရေး အစီအစဉ်များဖြင့်ပူးတွဲ ကာ ဖေဖော်ဝါရီ ၂ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၆နာရီအတွင်း ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်ကုန်စည်ပြပွဲ၂၀၀၄တွင် Summit World Industries Co., Ltd. ၏ Fiance အလှကုန်မျိုးစုံပြခန်းကို တွေ့ရစဉ်။

(က-ပ)

ပညာရေးရွေးချယ်တက်ရောက်သင်ကြားခွင့်ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

International Education System ကို ကျောင်းသား၊ကျောင်းသူများ သိရှိနားလည်နိုင်ရန်နှင့် ကုန်ကျစရိတ်သက်သာမည့် Study Option Available in Sigapore ကို Informatic Group (Singapore) နှင့် ပူးပေါင်းကာ အခမဲ့ဟောပြောပွဲကို ဖေဖော်ဝါရီ ၇ရက်နှင့် ၈ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

ယင်းသင်တန်းများဝင်ခွင့်ရရှိရန် လိုအပ်သော (Intersive & Communication English) Foundation သင်တန်းများကိုလည်း အတွေ့အကြုံရှိ ဆရာများ ကိုယ်တိုင်သင်ကြားပေးလျက်ရှိသည်။

ဟောပြောပွဲတက်ရောက်ခွင့်လက်မှတ်များကို Progressive Engineering & Language Training Centre အခန်းအမှတ်(၃၀၄)၊ တတိယထပ်၊ MGW Centre (အာလာဒင်အပေါ်ထပ်) ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်နှင့် ဖုန်း-၂၄၅၈၈၆၊၀၉-၅၀၀-၈၇၇၅တို့သို့ဆက်သွယ်စုံစမ်း တက်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၂-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတ တရားတော်**

ပဋိစ္စသမုပ္ပါဒ်အခြေခံ (အနုလောမ၊ ပဋိလောမ)

- **၈:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၄:၃၀** ၅။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**
  - (က) ပထမနှစ်(ပထဝီဝင်)
  - (ခ) ပထမနှစ်(မြန်မာမှုပညာ)
- **၅:၀၀** ၆။ အမေးကမ္ဘာတွေးစရာ
- **၆:၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၈။ နိုင်ငံတကာသတင်း
- **၆:၂၀** ၉။ မိုးလေဝသသတင်း
- **၆:၂၅** ၁၀။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အချစ်လေပြည် (အပိုင်း-၁၂)**
- **၈:၀၀** ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
  - ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး (အပိုင်း-၂၃)**
  - ၁၈။ သင့်အတွက်မနက်ဖြန်
  - ၁၉။ အပိတ်နှုတ်ဆက်စကား
  - ၂၀။ ပြီးပါပြီ။

Vacancy (For Local Service Only)

United Nations Population Fund, (UNFPA) seeks applications from qualified candidates for the following post for its office in Yangon, Myanmar. Candidates should indicate clearly the Post Title in their applications. Only short listed candidates will be contacted.

Please submit applications to:
United Nations Population Fund (UNFPA)
No. 6 Natmauk Road, Yangon.
Closing Date : 6 February 2004

Post Title: **National Programme Associate (IEC)**
Duty Station: Yangon, Myanmar, with in-country travel to programme sites when required
Duration: Fixed-term (initial one year)

QUALIFICATIONS: University graduate preferably in communications, health information and/or other social sciences field. Ten years of relevant experience in the public or private sector, at least five years experience in development of IEC materials. Prior experience in the UN system will be an asset. Understanding of automated office environment and excellent computer skills in all MS Office applications, including Word, Access, Excel and Power Point, Page Maker and Publisher.
Please submit application with a copy of labour registration card.

For detailed Job Description, please contact UNFPA Office at above address.

ပြည်ထောင်စုကျောင်း (၈)မိုင် မရမ်းကုန်း(ရန်ကုန်) အာစရိယပူဇော်ပွဲ ကျင်းပမည်

(ယခင်)ပြည်ထောင်စုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲ အာစရိယပူဇော်ပွဲကို ၂၀၀၄ခုနှစ် ပြည်ထောင်စုနေ့ ၁၂-၂-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ၁နာရီ အချိန်တွင် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊(၁၀၆)လမ်း၊ အမှတ်(၂၄/ဒီ)၊ဆရာကြီး ဦးတိုးအောင်၏ နေအိမ်၌ ကျင်းပပြုလုပ်ရန် စီစဉ်ထားပါသည်။ ဆရာဟောင်းများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက်ကြွရောက်ပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းနိုင်ရေးအတွက်–

ဗိုလ်မှူးကြီးဗဟိန်း(ငြိမ်း) ဖုန်း–၅၅၈၆၇၅၊ ဗိုလ်မှူးမောင်သိန်း(ငြိမ်း) ဖုန်း–၅၇၂၀၁၅၊ ဒေါက်တာဦးအေးဖေ ဖုန်း–၆၄၂၁၅၅၊ ဦးအေးဖေ ဖုန်း–၂၈၁၃၄၇၊ ဦးထွန်းမြင့် ဖုန်း–၂၄၄၃၂၇၊ ဦးဘညွန့်ဦး ဖုန်း–၆၈၄၇၆၁နှင့် ဦးဝင်းကြည် ဖုန်း–၅၇၃၁၉၀၊ ၂၄၁၇၂၀တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

Aung Tharaphu GCE Training Centerတွင်အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ GCE TOEFL & IFLTS စသည့် နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရသင်တန်းများနှင့် English Language Speaking သင်တန်းများကို လစဉ်ပုံမှန်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထို့အပြင် TOEFLစာမေးပွဲအတွက် Mock Tests များကိုလည်း ကျောင်းသားများအတွက် အပတ်စဉ် စီစဉ်ပေးလျက်ရှိသည်။

TOEFL စာမေးပွဲကိုလည်း လစဉ်ဖြေဆိုနိုင်ရန် စီစဉ် ဆောင်ရွက်ပေးလျက်ရှိရာ အမှတ်(၁၀၅)၊လမ်းမတော်လမ်း၊ သံဈေးရှေ့၊ ဖုန်း–၂၁၂၃၅၇၊ ၂၅၂၈၂၁၊ ၂၅၃၁၁၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က–ပ)

အမည်ပြောင်းခြင်း

အဖဦးမြင့်မောင်၏သမီး တတိယနှစ်သတ္တဗေဒ(ဒဂုံတက္ကသိုလ်)ကမ္ဘောဇ(ကမာရွတ်) ဘဏ်ခွဲမှ မခင်ဝါဝါမြင့် ၁၁/သတန(နိုင်) ဝ၆ဝ၆၆ဝ အားယနေ့မှစ၍ မအိချိုဇင်ဟု ပြောင်းလဲခေါ်ပါရန်။ **မအိချိုဇင်။**

ဇန်နဝါရီ ၃၀ရက်က ဂျပန်နိုင်ငံ Higashi Hiroshima မြို့တော်ကောင်စီ ဥက္ကဋ္ဌ Mr. Ryoji Kihara နှင့်အဖွဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးလှမြင့်ဆွေအား မြို့တော်ခန်းမ ညှိခန်းမတွင် လာရောက်တွေ့ဆုံ နှုတ်ဆက်စဉ်။ (၁၉)

ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေး သင်တန်းသားများ
အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူဖြစ်ရမည်။
(ဂ) ၁- ၂ -၂၀၀၄ ရက်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၁၉ နှစ် ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာ စစ်ဌာနချုပ်များတွင် ၉ - ၂-၂၀၀၄ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၄- ၂-၂၀၀၄ ရက်နေ့မှ ၄- ၃-၂၀၀၄ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက် စာတမ်းများနှင့်အတူ လူကိုယ်တိုင် လာရောက်သတင်းပို့ လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေး လက်မှတ်။
(ခ) ပညာအရည်အချင်း အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓါတ်ပုံ (၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများအား စစ်ဌာနချုပ်များ အစီအစဉ်ဖြင့် အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ နှင့်လုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip. C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် ၄၅၀၀ ကျပ်၊ ဒုတိယနှစ် ၅၀၀၀ ကျပ်ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်မတော်(ကြည်း၊ ရေ၊ လေ)တွင် တပ်ကြပ်ကြီး/စာရေး(တတိယတန်း) အဖြစ်ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိပြီး အောင်မြင်ပါက တစ်ဆင့်မြင့် အဆင့်/အတန်းသို့ တိုးမြှင့်ရရှိမည်ဖြစ်ပြီး အောက်ပါအတိုင်း လစာနှင့်စရိတ်များရရှိမည်-

အဆင့်/အတန်း	အခြေခံ လစာ	အရည်အချင်း လစာ	M.H.R.A	ပေါင်း
(က) တပ်ကြပ်ကြီး/စာရေး(တတိယတန်း)	၅၃၀၀	၁၅၀	၁၀၀၀	၆၄၅၀/-
(ခ) တပ်ကြပ်ကြီး/စာရေး(ဒုတိယတန်း)	၅၃၀၀	၂၀၀	၁၀၀၀	၆၅၀၀/-
(ဂ) တပ်ကြပ်ကြီး/စာရေး(ပထမတန်း)	၅၃၀၀	၂၅၀	၁၀၀၀	၆၅၅၀/-
(ဃ) ဒုတိယအရာခံဗိုလ်/စာရေး	၆၅၀၀	၂၅၀	၁၀၀၀	၇၇၅၀/-
(င) အရာခံဗိုလ်/စာရေး	၇၁၀၀	၂၅၀	၁၀၀၀	၈၃၅၀/-

မှတ်ချက်။ နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀/- နှုန်းဖြင့် ၅၀၀/- အထိ ခံစားခွင့်ရှိသည့်အပြင် သက်သာချောင်ချိရေးထောက်ပံ့ငွေအဖြစ် လစဉ် ၅၀၀/- ခံစားခွင့်ရှိသည်။

၇။ တပ်ကြပ်ကြီး/စာရေးအဖြစ် တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေးအတွက်** အဆင်ပြေစွာ ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူတပ်ကြပ်ကြီး/စာရေးများသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ် ပြည့်ပြီးလျှင်သော်လည်းကောင်း **ဗိုလ်လောင်းသင်တန်းသို့** လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်သိပ္ပံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးများတွင်** မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင် နိုင်ခွင့်ရှိသည်။

မှတ်ချက်။ အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

PES (Practical English Speaking) U Win Maw (Research) အင်္ဂလိပ်စကားပြောသင်တန်းတွင် တက္ကသိုလ်အဆင့်နှင့် ဘွဲ့ရပြီးသူများအတွက် အင်္ဂလိပ်ဘာသာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများဖြစ်သည့် အခြေခံ Grammar နှင့် Speaking (လေးလ)၊အဆင့်မြင့် English Grammar(လေးလ)၊ အဆင့်မြင့် Spoken English (လေးလ)၊ အဆင့်မြင့် Vocabulary & Reading (လေးလ)၊ အသံထွက်သတ္တဗေဒပညာရပ် Phonetics (တစ်လခွဲ)စသည့် လစဉ်ပုံမှန်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆင့်မြင့် English Grammar (လေးလ)နှင့် အဆင့်မြင့် Vocabulary & Reading (လေးလ)သင်တန်းတက်နေသူများအတွက် အဆင့်မြင့် Essayနှင့် Letterရေးနည်းသင်တန်းများကို အထူးအစီအစဉ်သစ် တစ်ရပ်အနေဖြင့် ဖွင့်လှစ်သွားမည်ဖြစ်သည်။

အသေးစိတ်သိလိုပါက အမှတ်(၁၈)၊ ရတနာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ယုဇနကုန်တိုက်အနီး၊ ရန်ကုန်မြို့၊ ဖုန်း–၅၀၃၉၈၄ နှင့် ၂၂၂၄၂၈ တို့သို့ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။ (က–ပ)

နံရံအလှဆင်ပစ္စည်းများ ရောင်းချပေးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၃၁

နံရံအတွက် Home Distribution Group မှ သုတ်ဆေး အစားထိုး Decorative Wall Covering များကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးလျက်ရှိသည်။၎င်း Decorative Wall Covering ၏ အားသာချက်မှာ ညစ်ပေနေသောနေရာများကို ဆပ်ပြာရည်ဖြင့် လွယ်ကူစွာသန့်ရှင်းရေးပြုလုပ်နိုင်သည်။ အသေးစိတ်သိလိုပါက Home Distribution Group F 2-6၊ အောင်ဆန်းကွင်း မြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၁–၂၅၁၉၆၀–၁–၂ တို့သို့ မေးမြန်းနိုင်ကြောင်းသိရသည်။ (က–ပ)

မင်းရွာ-ကျောင်းစုတံတား တည်ဆောက်ရေး စစ်ဆေး တံတားတည်ဆောက်မှုလုပ်ငန်း ၇၀ ရာခိုင်နှုန်း ပြီးစီး

ပဲခူး ဇန်နဝါရီ ၂၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းဌေး၊ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ၂၄ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မင်းရွာ-ကျောင်းစု သစ်သားတံတား တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ပြီးစီးနေ

ထို့နောက် တိုင်းညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့က တံတား တည်ဆောက်ရေး လုပ်ငန်းနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။ အဆိုပါ မင်းရွာ-ကျောင်းစု သစ်သားတံတားများမှာ သနပ်ပင်-သဘောကန်-မင်းရွာ လမ်းပေါ်တွင် တည်ရှိ၍ အရှည်ပေ ၂၅၀ နှင့် အကျယ် ၁၄ ပေရှိပြီး ယခုအခါ လုပ်ငန်း၏ ၇၀ ရာခိုင်နှုန်း ပြီးစီးနေကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယအင်ဂျင်နီယာချုပ်နှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်း သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ လမ်းလယ်ကျွန်းများတွင် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ **(က-ပ)**

ကတ္တရာလမ်းစစ်ဆေး

ပခုက္ကူ ဇန်နဝါရီ ၂၁

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မြရောလမ်းကတ္တရာ လမ်းခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် တာဝန်ခံ အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့က လုပ်ငန်းအရည်အသွေး ကောင်းမွန်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

(ခရိုင်ပြန်/ဆက်)

မြန်မာ့ဖွံ့ဖြိုးမှု ဆင့်ပွားသင်တန်းဆင်း ထူးချွန်ဆုရ သင်တန်းသား ဆုချီးမြှင့်

လယ်ဝေး(သာဝတ္တိ) ဇန်နဝါရီ ၂၅

မန္တလေးတိုင်း လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် မြန်မာ့ဖွံ့ဖြိုးမှုလေ့လာရေး ဆင့်ပွားသင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီက လယ်ဝေးမြို့ လူငယ်ရိပ်သာခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဉာဏ်မျိုးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်အောင်တို့က သင်တန်းဆင်း အမှာစကားပြောကြားကြသည်။

ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူ ၇၁ ဦးတို့၏ သင်တန်းဆင်းလက်မှတ်များအား မြို့နယ်အလုပ်အမှုဆောင် ဦးအောင်မင်းနှင့် ဦးကျော်ဝင်းတို့က ပေးအပ်ပြီး သင်တန်းတွင် ထူးချွန်ဆုရ ကသ(၁) ဦးမျိုးလွင် (သစ်ပုတ်ပင်ကျေးရွာ)အား မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်အောင်က ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(၁၁၈)**

ပိုးမွှားကာကွယ်ရေး လက်တွေ့သင်ကြား

အသုတ် ဇန်နဝါရီ ၂၁

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးချုပ်၏ အစီအစဉ်ဖြင့် ဧရာဝတီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒု-အထွေထွေမန်နေဂျာ ဦးလှမျိုး ကြီးကြပ်၍ ဇန်နဝါရီ ၁၉ ရက်က ရေကြည်မြို့နယ် အသုတ်ဒေသ ကိုင်းချောင်မြို့ဝင် စံကွက်လယ်ဧက ၄၀၀ တွင် စပါးနှင့်ပဲမျိုးစုံ ပိုးမွှားရောဂါကာကွယ်ရေးသင်တန်းကို ဒုတိယအကြိမ် ပို့ချသင်ကြားပေးသည်။

ထို့နောက် သင်တန်းဆရာများက သင်တန်းသား တောင်သူလယ်သမား ၃၀ ဦးအား ပဲစိုက်ခင်းအတွင်း ကွင်းဆင်း၍ ပိုးမွှားရောဂါကာကွယ်ရေး လက်တွေ့သင်ကြားပြသပေးသည်။ **(အောက်ပုံ)** **(၃၈၁)**

ဗောင်းတော်ချုပ်ဆရာတော် ပူဇော်ပွဲကျင်းပ

တွံတေး ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်း တွံတေးမြို့နယ် ကံဘဲ့ကျေးရွာ ရွှေရောင်မြင် သာသနာ့ရိပ်သာတွင် မူလဗောင်းတော်ချုပ်ဆရာတော်ကြီး၏ (၁၉)နှစ်မြောက် ကျေးဇူးဂုဏ်ရည် မှန်းဆပူဇော်ပွဲကို ၁၃၆၅ ခုတပို့တွဲလဆန်း ၁ ရက် (ဇန်နဝါရီ ၂၂ ရက်)က ယင်းကျောင်း၌ ကျင်းပရာ နိုင်ငံတော်သံဃနာ ယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ စစ်တွေမြို့မ ကျောက်တော် ရွှေကျောင်းဆရာတော် ဘဒ္ဒန္တ ရေဝတ မဟာထေရ်က ဩဝါဒကထာ ဓမ္မဒေသနာတရား ဟောကြားချီးမြှင့်ခဲ့ကြောင်း သိရသည်။ (က-ပ)

လှိုင်သာယာမြို့နယ် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း ၂၀၀၃-၂၀၀၄ ခုနှစ်မိဘဆရာအသင်း နှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၄ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျပန်းစကားပြောပြိုင်ပွဲ မြို့နယ်အဆင့်နှင့် ခရိုင်အဆင့် ပထမ၊ တိုင်းအဆင့် အထူးဆုရရှိသူ အဋ္ဌမတန်း(B)မှ မအိသူစိုးအား ကျောင်းအုပ်ဆရာကြီး ဦးဟန်သိန်းက ဆုချီးမြှင့်စဉ်။ (က-ပ)

မီဒီယိုစည်းကမ်း ကျောက်ပန်းတောင်း၌ ရှင်း

ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၅

မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ဗီဒီယိုလုပ်ငန်းစီစဉ်ကြီးကြပ်ရေးကော်မတီက ဗီဒီယိုလုပ်ငန်းရှင်များလိုက်နာရန် စည်းကမ်းချက်များ ရှင်းလင်းပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဇန်နဝါရီ ၁၈ ရက်က စပါးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

